# ကြက်တူရွေးကျေးရွာ
# ပုသိမ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြက်တူရွေးကျေးရွာ၊ ပုသိမ်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


မာတိကာ ၁

စကားချီး ၄

ကြက်တူရွေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုသိမ်မြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနေ အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၁

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၈

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၉
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၉

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကြက်တူရွေးကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏


အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက် လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင် ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြက်တူရွေးကျေးရွာ
ပုသိမ်မြို့နယ်

## ကြက်တူရွေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုသိမ်မြို့နယ်



**ရည်ညွှန်း** - ကြက်တူရွေးကျေးရွာ၊ ကြက်တူရွေးကျေးရွာအုပ်စု၊ ပုသိမ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈-၂၉ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင် ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပုသိမ်မြို့သည် မြန်မာပြည်၏ စတုတ္ထအကြီးဆုံးမြို့ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၏ တိုင်းမြို့တော်ဖြစ်ကာ ရန်ကုန်မြို့၏ အနောက်ဘက် (၁၉၀) ကီလိုမီတာ ကွာဝေးပြီး ငဝန်မြစ် (ပုသိမ်မြစ်) နံဘေးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ အနောက်ဘက်တွင် တည်ရှိပါသည်။ ပုသိမ်မြို့သည် ရန်ကုန်မြို့အပြင်တွင်ရှိသည့် အရေးပါသော ဆိပ်ကမ်းမြို့ဖြစ်ပြီး ရေလမ်း၊ ကားလမ်း၊ ရထားလမ်းဆုံရာ မြို့တစ်မြို့ ဖြစ်ပါသည်။

ပုသိမ်မြို့နယ်ကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ရိုးမအစပ် တောင်ပေါ်ဒေသ ပင်လယ်ကမ်းခြေဒေသဟူ၍ ခွဲခြားနိုင်ပါသည်။ မြို့နယ်၏ လေးပုံသုံးပုံသည် မြေပြန့်ဖြစ်ပြီး မြို့နယ်၏ အနောက်ဘက် လေးပုံတစ်ပုံသည် အနောက်ရိုးမတောင်တန်း ဖြစ်ပါသည်။ မြစ် (၃) ခု၊ ထင်ရှားသည့် ချောင်း (၃၈) ခုနှင့် မြစ်ချောင်းများပေါ်များလျက်ရှိပြီး ငဝန်မြစ်၏ အနောက်ဘက်ကမ်းမှ (၁၂) မိုင်ခန့်အကွာတွင် အနောက်ရိုးမ၏တောင်စွယ်၊ တောင်ကုန်း၊ တောင်တန်းများကို တွေ့မြင်နိုင်ပါသည်။

ပုသိမ်မြို့သည် မိုးများသော မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိပါသည်။ အမြင့်ဆုံးအပူချိန်မှာ ဧပြီလတွင် ၃၇.၆ °C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၁၄.၅ °C ဖြစ်ပါသည်။ (၁၀) နှစ်တာကာလအတွင်း တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၂၇.၅) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၁၂၀.၈) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လတို့ ဖြစ်ပါသည်။

ကြက်တူရွေးကျေးရွာသည် ပထဝီဝင် အနေအထားအရ မြေပြန့်ဒေသ ဖြစ်ပါသည်။ ကြက်တူရွေး ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပုသိမ် - ငွေဆောင်ကားလမ်းမသို့ (၁.၅) မိုင်ကွာဝေးပြီး၊ ပုသိမ်မြို့နှင့် (၉.၅) မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ သလပ်ချောကျေးရွာ၊ စစ်ကဲကုန်းကျေးရွာ၊ အထက်ကြက်တူရွေးကျေးရွာ၊ ဝန်သေကျေးရွာတို့ ဖြစ်ပါသည်။ ကြက်တူရွေးကျေးရွာသည် လယ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ငါးဖမ်းခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

ကြက်တူရွေးကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ သို့သော် လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ ဂျာမနီ၊ လောက်သေ၊ သက်ရင်းကြီး၊ ထောင်စေးချောက်၊ ဆင်တုံးမနွယ် စသည့်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကြက်တူရွေးကျေးရွာတွင် အိမ်ထောင်စု (၁၂၀) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၅၂၄) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၃၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦး နှုန်းထက် လျော့နည်းနေပါသည်။ အသက် (၁၅ နှစ်မှ ၆၀ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၇၂% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦးရေစုစုပေါင်း ၂၈% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာ အတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင် ပါသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာခနေအဆင့် ခွဲခြားမှုနည်း လမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၈၈) ရာခိုင်နှုန်းနီးပါးမှာ ဆင်းရဲသား အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ အဆင်ပြေသော အိမ်ထောင်စု မှာ (၁၀) စုရှိပြီး လယ် (၁၀) ဧက အထက် ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ အိမ်အနေအထားမှာလည်း တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း ဖြစ်ပြီး လယ်ယာသုံး ကိရိယာများ အပြည့်အစုံနှင့် နွားစသည် တို့ ပိုင်ဆိုင်ကြသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ (၅) စု ရှိပြီး လယ် (၅-၁၀) ဧကကြား လုပ်ကိုင်ကြသူများ ဖြစ်ကြပြီး ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးသည့် အိမ်အမျိုးအစား များဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံး ကိရိယာများ အပြည့်အစုံနှင့် နွားများကို မွေးမြူကြသော အိမ်ထောင်စု အနည်းငယ် ပါဝင်ပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှု မရှိသလောက်ဖြစ်ပါသည်။ ဆင်းရဲသောအိမ်ထောင်စုမှာ (၄၆) စုရှိပြီး လယ် (၅) ဧကအောက် ပိုင်ဆိုင်ပြီးအချို့မှာ မြေယာမဲ့များ ဖြစ်ကြသည်။ လယ်ယာသုံးကိရိယာ ပိုင်ဆိုင်မှု နည်းပြီး အိမ်အခြေအနေမှာ ပျဉ်ခင်း၊ ထရံကာ၊ ဓနိမိုးအိမ်များ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၅၉) အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ ကျေးရွာအိမ်ထောင် စု၏ (၅၀) ရာခိုင်နှုန်း ဖြစ်ပြီး ကျပန်း လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကြက်တူရွေးကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၁၀၅) စု ရှိသည့်အနက် (၅၉) အိမ် ထောင်စုမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃၆) အိမ်ထောင်စုမှာ (၃ - ၅) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ (၁၀) အိမ်ထောင်စုမှာ (၆) လနှင့်အထက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ ၎င်းတို့သည် လုပ်အား ကြွေးယူခြင်း၊ ဆွေမျိုး၊ မိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ ခေါက်ပြန်ပေး အ ကြွေးယူခြင်းအပြင် လုပ်အားခဖြင့် ဝယ်ယူခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင် သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီး မဖူလုံ သော ဆင်းရဲသားတောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ ရေဘေးနှင့် ကြုံတွေ့လာလျှင် အနိမ့်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စု (၂၀) ခန့် အခက်အခဲ ကြုံတွေ့ရနိုင်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက တစ်မိုင်ခွဲဝေးသော သလပ်ချာကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ ပုသိမ်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။ ကျေးရွာအတွင်းတွင် သောက်ရေတွင်း (၁) တွင်းနှင့် လက်နှိပ်တုံကင် (၅) တွင်း ရှိသော်လည်း သောက်ရေအတွက် လုံလောက်မှု မရှိပေ။ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲနိုင်ရန် အသိပညာပေး ဆွေးနွေးခြင်း၊ စရိတ်နည်းသော ယင်လုံအိမ်သာများ ဆောက်လုပ်နည်း စနစ်များရရှိရန် လိုအပ်နေပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကြက်တူရွေး အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသား (၅၄) ဦး ရှိပါသည်။ မူလတန်းအဆင့် အောင်မြင်သူများမှာ (၁.၅) မိုင်ကွာဝေးသော သလပ်ချာအခြေခံပညာအထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြား ကြပါသည်။ ကျောင်းအကျိုးတော်ဆောင် (၃) ဦး၊ ကျောင်းသားမိဘများ အားလုံးပါဝင်သော မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်ကြသောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲများမရှိ လုပ်ဆောင်နေနိုင်ပါသည်။ ပုသိမ်မြို့နှင့် နီးကပ်စွာ တည်ရှိသောကြောင့် ဘွဲ့ရဦးရေ များပြားလာပါသည်။

ကျေးရွာရှိ လယ်သမားများ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီနှင့် နွေရာသီ နှစ်သီး စိုက်ပျိုးကြသည်။ နွား၊ ဝက်၊ ဒေသကြက်၊ ဘဲ စသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ရေလုပ်ငန်းလုပ်ကိုင်သူမှာ အိမ်ထောင်စု (၃၁) စုရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်မှု မရှိသော အိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ၊ တောခုတ်၊ ရော်ဘာစိုက်ပျိုးခြင်း အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ပုသိမ်မြို့နှင့် လွန်စွာနီးကပ်လွန်းသဖြင့် မြို့ပေါ်ရှိ အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းနေသော အစိုးရဝန်ထမ်းရှိသည့် အိမ်ထောင်စုများလည်း ရှိနေပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

ကြက်တူရွေးကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသားဦးရေထက် ပိုများပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃,၀၀၀) ကျပ်ခန့် ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသား/သမီးတစ်ဦးလျှင် (၃,၀၀၀) ကျပ်ခန့် ရရှိကြပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ ခြံရှင်းခြင်း၊ ရာဘာစိုက်ပျိုးခြင်းတို့ကို ငွေဆောင်ကားလမ်းဘေးတွင် သွားရောက် လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခကျား (၃၀၀၀) ကျပ်၊ မ (၂၅၀၀) ကျပ် ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း (၄၀) ခန့် လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးကြီးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူ ပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လမ်းတံတားအဖွဲ့၊ မိဘဆရာအသင်း၊ ရပ်မိရပ်ဖ အဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ပြည်သူစစ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များကို ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြ ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ လယ်သမားများ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီတွင် စိုက်ဧက (၄၀၀) ခန့် စိုက်ပျိုးကြပါသည်။ မိုးစပါးတွင် စိုက်ခင်းအားလုံးသည် ရွှေ့ပြောင်းစိုက်သည့် စနစ်ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသော ချေးငွေမှာ မြေပြင်ဆင်စရိတ်နှင့် စိုက်ပျိုးစရိတ်အထိ အထောက်အကူပြုပါသည်။ သို့သော် ဓာတ်မြေဩဇာနှင့် ရိတ်သိမ်းစရိတ်တို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေဩဇာ အရောင်းဆိုင်များမှ အတိုးနှုန်း (၃) ကျပ်နှင့် အလွတ် ချေးငွေအတွက် (၅) ကျပ်နှုန်းအထိ ချေးယူရပါသည်။ နွေစပါးတွင်မူ မြေပြုပြင်ချိန် တိုတောင်းခြင်းနှင့် ရာသီချိန် တိုတောင်းလွန်းခြင်းကြောင့် လယ်သမားများအားလုံး ကြဲခင်းသာ ပြုလုပ်ကြပါသည်။ နွေစပါး စိုက်ချိန်နောက်ကျသည့် လယ်များတွင် နောက်ပိုင်းရေသွင်းရသည့် အကြိမ်များတွင် ရေငန်ဝင်ခြင်းနှင့် ကြုံတွေ့ရသဖြင့် များစွာ ထိခိုက်စေပါသည်။ ကွမ်းရွက်ကို အိမ်ထောင်စု (၁၅) စုမှ စိုက်ပျိုးကြပြီး ရောဂါကင်းလွတ်သည့် စိုက်ခင်းများ တွင် တိုင် (၁,၀၀၀) လျှင် တစ်လဝင်ငွေ (၁၀၀,၀၀၀) ကျပ်ခန့် ရရှိသဖြင့် ဆင်းရဲသားမိသားစုများအတွက် အားထားစိုက်ပျိုးလာနိုင်သော်လည်း ရောဂါမကာကွယ်နိုင်ပါ က အရင်းအနှီးများစွာ ဆုံးရှုံးနိုင်ပေသည်။

ကြက်တူရွေး ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေး အနည်းငယ် လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ဒေသကြက်၊ ဘဲ မွေးမြူကြပါသည်။ မွေးမြူရေးကို အဓိကထားသော မိသားစု (၆၀) ခန့်ရှိကြ ပါသည်။ ဆောင်းရာသီနှင့် နွေရာသီ ဘဲစားကျက်၊ ရေမရှိသောကြောင့် ဥစားဘဲမမွေးပဲ ဟင်းစားဘဲသာ မွေးကြပါသည်။ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူး လိုအပ်ပါသည်။ ကျေးရွာတွင် ရေလုပ်သား (၃၁) ဦး ရှိပြီး အသေးစားငါးဖမ်း လုပ်ငန်းကို ကြက်တူရွေးချောင်းတွင် လုပ်ကိုင်ကြပါသည်။ ငါးဖမ်းကာလမှာ တော်သလင်းလမှ တန်ခူးလအထိ (၇) လ ဖြစ်ပါသည်။ ငါးမဖမ်းရသော ရာသီတွင် ကျပန်းအလုပ်

ဖြင့် အသက်မွေးဝမ်းကျောင်းကြပါသည်။ ရေလုပ်သားတစ်ဦးလျှင် လုပ်ဖက်ကိရိယာအတွက် စုစုပေါင်း (၃၀၀,၀၀၀) ကျပ် လိုအပ်ပါသည်။ ကာလရှည် ချေးငွေရရှိနိုင်ပါက ရေလုပ်ငန်းဖြင့် အသက်မွေးသော မိသားစုများအတွက် ပိုမို အဆင်ပြေ နိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကြက်တူရွေးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ၊ တောခုတ်၊ ရော်ဘာစိုက်ပျိုးခြင်း အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ နေ့စားအလုပ်လုပ်ကိုင်သူမူများမှာ ခြံရှင်းခြင်း၊ ရာဘာစိုက်ပျိုးခြင်းတို့ကို ငွေဆောင်ကားလမ်း ဘေးတွင် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား (၃၀၀၀) ကျပ်၊ မ (၂၅၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၄၀) ခန့် လုပ်ကိုင်ကြသည်။ တနင်္ဂနွေနေ့တိုင်း ပိတ်၍ အမြဲတမ်းအလုပ်မရှိပေ။ ငါး၊ ပုဇွန်များကို ရောင်းချသူအချို့မှာ ပုသိမ်သို့ သွားရောက် ရောင်းချကြသည်။ ဝါးများကို ပုသိမ်-ငွေဆောင်လမ်းရှိ (၁၅-၁၆) မိုင်တို့တွင် သွားရောက် ခုတ်ယူရောင်းချကြသည်။ ရရှိသော ဝါးအမျိုးအစားများမှာ ခရင်၊ သိုက်၊ ဝါးရားတို့ ဖြစ်ပြီး တစ်နေ့ဝင်ငွေ (၂၅၀၀ - ၃၀၀၀) ကျပ် ရရှိကြသည်။ အိမ်ထောင်စု (၄၀) ခန့် လုပ်ကိုင်ကြသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံပေးခြင်း မရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ သလပ်ခွာ တိုက်နယ်ကျေးရွာတွင် ရဲစခန်းတည်ရှိ၍ ဒေသလုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီး ဌာနတို့ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧက လျှင် (၁၀၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၀၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် (အနည်းဆုံး ၃ နှစ်) ထုတ်ချေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ် ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ (၂) မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ (၃) နှစ်ခန့် ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးသည့် ရိုးရိုးချေးငွေ ဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ ချေးငွေသက်တမ်း ကြာလာသည်နှင့်အမျှ ငွေပမာဏ တိုးမြှင့်၍ ချေးယူနိုင်ပါသည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည်ပေးဆပ်သည့် ပုံစံမှာ (နှစ်ပတ်လျှင် တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကြက်တူရွေးကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းဆောင်မှာ ၆၀'x ၃၀'x ၁၀'ရှိသော တစ်ထပ် အုတ်ကျောင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်မှု ရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ ဆရာမ (၄) ဦး၊ စုစုပေါင်း (၅) ဦး ရှိပါသည်။ ဆရာ၊ တပည့် အချိုးအားဖြင့် (၁၁) ဖြစ်ပါသည်။ ကျောင်းတွင် အခန်းများ ခွဲထားခြင်း မရှိပဲ၊ ဟောခန်းပုံစံဖြင့် ထားရှိပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသူ/သား (၅၄) ဦး ရှိပါသည်။ သောက်သုံးရေကို ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း (ပေ ၁,၀၀၀ ကျော်ဝေးသော) ရှိ ရေတွင်းမှ ခပ်ယူသုံးစွဲပါသည်။ (၃) ခန်းတွဲ အိမ်သာတစ်လုံး၊ (၂) ခန်းတွဲ အိမ်သာတစ်လုံးကလည်း ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများ လိုအပ်ချက် မရှိသေးပါ။

ကျေးရွာမှ (၃) နှစ် အထက် ကလေးများ (၁၈) ယောက်ကို မူလတန်းကျောင်းတွင်ပင် မူကြိုကလေးများအဖြစ် သင်ကြားပေးနေပါသည်။ တတ်နိုင်ပါက မူကြိုကျောင်း တစ်ဆောင် လိုအပ်နေပြီး ဆရာ၊ ဆရာမအတွက် ကုန်ကျစရိတ်ကို မိဘများမှ ကျခံပေးနိုင်ပါသည်။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ သောက်ရေအတွက် အခက်အခဲ ရှိသောကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တစ်ကန် တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံး သောက်ရေ ဖူလုံနိုင်ပေမည်။ မူလတန်းပြီးသွားသော ကျောင်းသား/သူများသည် သလပ်ခွာ အခြေခံပညာအထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားနေသော်လည်း အောင်ချက် ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက တစ်မိုင်ခွဲဝေးသော သလပ်ခွာကျေးရွာရှိတိုက်နယ်ဆေးရုံတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ တိုက်နယ်ဆေးရုံတွင် ဆရာဝန် (၁) ဦး၊ ထမိန်အပြာနှစ် (၁) ဦး၊ သားဖွားဆရာမ (၁) ဦး ရှိပါသည်။ ကျေးရွာတွင် သားဖွားဆရာမသင်တန်းတက်နေသူ တစ်ဦး ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာ

အတွင်းရှိ ကုန်စုံဆိုင်များနှင့် သလပ်ခွာကျေးရွာတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက် ကား ပုသိမ်မြို့ပေါ်ရှိ ဆေးဆိုင်တွင် ရနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ ပုသိမ်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတစ်ခန်းထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးရှိခြင်းဖြင့် အုပ်စုအတွင်းမှ ကျေးရွာ များအတွက်ပါ ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိလာပါမည်။

ကျေးရွာအတွင်းတွင် အုတ်ကာရံထားသော သောက်ရေတွင်း (၁) တွင်းသာ ရှိပါသည်။ လက်နှိပ်တုံကင် (၅) တွင်း ရှိသော်လည်း သောက်ရေအတွက် လုံလောက်မှု မရှိပေ။ ကျေးရွာအတွက် လိုအပ်သော သောက်ရေကို တစ်မိုင်ဝေးသော အုပ်စုရွာ ဝန်သေကျေးရွာတွင် သွားရောက် ခပ်ယူ ရပါသည်။ ကျေးရွာသောက်ရေ လိုအပ်ချက်ကို ဖြည့်ဆီးရန်အတွက် (၄) လက်မ စက်ရေတွင်း တစ်တွင်းနှင့် အုတ်ရေကန်တစ်ကန် လိုအပ်နေပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၆၁) အိမ်ရှိပြီး ကျန်အိမ်ထောင်စု (၆၀) မှာ ယင်လုံအိမ်သာဆောက်လုပ်ရာတွင် မြေပြိုခြင်း၊ ကမ်းပြိုခြင်းကြောင့် ကွန်ကရစ်ခွေချမှသာ ဆောက်လုပ်နိုင်မည် ဖြစ်သဖြင့် ကုန်ကျစရိတ် များပြားမှု ကြောင့် မဆောက်လုပ်နိုင်ကြပဲ အခြားအိမ်သာများတွင် သွားတက်ခြင်းနှင့် တောထိုင်ခြင်းများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ် ဆွေးနွေးကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြ ပါသည်။ ယခင်က ဝတ်ရွတ်အဖွဲ့ ရှိခဲ့သော်လည်း ယခု မရှိတော့ပါ။ ကျေးရွာ၌ ကိုယ်ထူကိုယ်ထ တည်ထောင် ထားသော စာကြည့်တိုက် ရှိသော်လည်း တစ်ခါတစ်ရံ၌သာ စာကြည့်မည့်သူရှိပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး လုပ်ငန်းများတွင် အားတက်သရော ပါဝင်လုပ်ဆောင် သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု အားနည်းနေပါသည်။ ကျေးရွာမှ လူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။ လူငယ်အဖွဲ့ စနစ်တကျ ဖွဲ့စည်းရေးနှင့် စွမ်းဆောင် ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

(၁.၅) မိုင်ရှည်သော သလပ်ခွာ-စစ်ကဲကုန်း-ကြက်တူရွေး ကျေးလက်လမ်းကို ၁၉၈၅ ခုနှစ် တွင် စတင် ဖောက်လုပ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ကျေးရွာလမ်းကို (၃) ပေ အကျယ်ထု (၆) လက်မ နှစ်လမ်းသွား (တစ်ဖက်မှာ ပေ (၂၀၀၀) နှင့် ကျန်တစ်ဖက်မှာ ပေ (၁၀၀၀) ခန့်ရှိသော) ကွန်ကရစ် လမ်း ခင်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ကျေးရွာအဝင် (၁၂၀) ပေရှည် သံကူကွန်ကရစ် ချောင်းကူး တံတား တည်ဆောက်နိုင်ခဲ့ပါသည်။ ကြက်တူရွေးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေ ကြောင်းနှင့် ကားလမ်း နှစ်ခုစလုံးကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ အသုံးပြုသော ယာဉ်များ မှာ စက်လှေ (၃) စီး၊ လှေ (၂၁) စီး၊ စက်ဘီး (၃၂) စီး နှင့် မော်တော်ဆိုင်ကယ် (၂၉) စီး ရှိပါသည်။

ကျေးရွာ မီးအလင်းရောင်အတွက် ဖယောင်းတိုင်နှင့် မီးခွက်ကိုသာ သုံးစွဲနေရပြီး၊ ဆိုလာမီး အလင်းကို အိမ်ခြေ (၂၇) အိမ်သာလျှင် မိမိ အစီအစဉ်ဖြင့်သာ ဝယ်ယူသုံးစွဲနေပါသည်။ ပုသိမ်-ငါးပြေမ လျှပ်စစ် ဓာတ်အားလိုင်း တပ်ဆင်နေသော ကာလဖြစ်သောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာနိုင်သေးပါသည်။ ကျေးရွာလူထုမှ ဆိုလာမီးလင်းရေးသာ စိတ်ဝင်စားကြပါသည်။ ကျေးရွာတွင် Telenor, ဖုန်းလိုင်းအများဆုံး ဆက်သွယ်နိုင်ပါသည်။ Ooredoo, MPT ဖုန်းလိုင်းများ ဆက်သွယ်ရေး မကောင်းလှပါ။ ကျေးရွာစာကြည့်တိုက်ရှိသော်လည်း စာဖတ်လေ့လာခြင်း အလွန်အားနည်းလှပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

မိသားစုရှာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာ ကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အမှုအခင်း ဖြစ်ပွားလေ့ မရှိပါ။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကြက်တူရွေးကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ (၃၈၀) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၇၂) % ရှိပါ သည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေ များပြားလာသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

ကြက်တူရွေးကျေးရွာတွင် မိုးစပါး၊ နွေစပါး နှစ်သီး စိုက်ပျိုး ထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် စပါးဈေးနှုန်း မကောင်း၍ မိမိလုပ်အားခပြန်ရရုံ ထုတ်လုပ်မှုအဆင့်သာ ဖြစ်သော်လည်း လယ်သမား မိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ စပါးအခြေခံရောင်းဝယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်များတွင် ရောင်းဝယ်ဖောက်ကားသူ စသည်ဖြင့် စပါးထုတ်လုပ်မှုတစ်ခုမှ ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့် ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

တိုင်းဒေသကြီးမြို့တော်ဖြစ်သည့် ပုသိမ်မြို့နှင့် (၉.၅) မိုင်ခန့်သာ ကွာဝေးသည်ဖြစ်၍ ကျေးရွာရှိ ရေလုပ်ငန်းလုပ်ကိုင်သော မိသားစုများအတွက် ဖမ်းဆီးရရှိသော ငါး၊ ပုဇွန်များကို ဈေးကွက်သို့ အမြန်ဆုံး တင်ပို့နိုင်ခြင်း၊ ငါးအမျိုးအစားအလိုက် ဈေးကွက်ကို အလွယ်တကူ ရှာဖွေနိုင်ခြင်း စသည်ဖြင့် မြို့ပေါ်ရှိ ရေထွက်ပစ္စည်းဈေးကွက်နှင့် ချိတ်ဆက်၍ ဈေးကွက် လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည့် အခွင့်အလမ်း ရှိနေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ သမဝါယမချေးငွေနှင့် ပက်-မြန်မာမှ ချေးငွေစသည်ဖြင့် ချေးငွေများကို လက်လှမ်းမီသည့် အတွက်ကြောင့် မိမိတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။

ကြက်တူရွေးကျေးရွာရှိ မူလတန်းကျောင်းမှာ ကျောင်းသား/သူများအတွက် သင့်တော်လုံလောက်မှု ရှိသည့်အပြင် မိဘဆရာ အသင်းသည်စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် ကောင်းမွန်သော အလားအလာများ ဖြစ်ပါသည်။ ၎င်းအပြင် အလယ်တန်းနှင့် အထက်တန်းပညာများ သင်ယူမည့် အထက်တန်းကျောင်းနှင့် အကွာအဝေးမှာ (၁.၅) မိုင်သာရှိ၍ နေ့ချင်းပြန် ကျောင်းတက်နိုင်သည်ဖြစ်ရာ ကုန်ကျစရိတ် နည်းပါးစွာဖြင့် ပညာတတ်လူငယ်လူရွယ်များ ထွက်ပေါ်လာနိုင်မည် ဖြစ်ပါသည်။

တိုက်နယ်ဆေးရုံနှင့် (၁.၅) မိုင်သာ ကွာဝေးသောကြောင့် ကျန်းမာရေး စောင့်ရှောက်မှုများအား လွယ်ကူစွာ ရယူနိုင်သည့် ကျေးရွာတစ်ရွာ ဖြစ်ပါ သည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကြက်တူရွေးကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ချက်များတွင် အားနည်းမှုရှိပါသည်။

ကြက်တူရွေးကျေးရွာတွင် စပါးခင်းများအချိန်မီ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းအသုံးပြုလိုသော်လည်း လယ်ကွက်များ၏ အကျယ်အဝန်းမှာ ကျဉ်းမြောင်းခြင်း၊ ရိုးချောင်းများပေါ်များ၍ စက်ရွှေ့ရာတွင် အချိန်ကြန့်ကြာမှုရှိခြင်း စသည်တို့ကြောင့် မိမိတို့ကျေးရွာနှင့် သင့်တော်မည့် စက်အားငှားရမ်းရန် ခက်ခဲနိုင်ပါသည်။

စပါးအထွက်တိုး နည်းပညာများကို နည်းပညာ ဝန်ဆောင်မှု အဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သော သွင်းအားစုများကို အချိန်မီ ထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်း ပညာများ၏ ရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ် ဖြစ်ထွန်းလာရန် များစွာအချိန်ယူရအုံးမည် ဖြစ်ပါသည်။

ရေလုပ်ငန်း လုပ်ကိုင်သူ မိသားစုများအဖို့ ငါး၊ ပုဇွန် အခြေခံထုပ်ပိုးရောင်းချခြင်း လုပ်ငန်းကို ဈေးကွက် လိုအပ်ချက်များအရ မိမိတို့ဖမ်းယူရရှိသော ငါး၊ ပုဇွန်များအတွက် အကျိုးအမြတ်

ထိထိမိမိရရှိနိုင်စေရန် လိုအပ်သော ဈေးကွက် အခြေခံ သဘောတရားများနှင့် ဈေးကွက် ကွင်းဆက်များအား နားလည်သဘောပေါက်သည့် အခြေအနေသို့ ရောက်ရှိမှသာ စီးပွားဖြစ်ထွန်း နိုင်လာမည်ဖြစ်ရာ အချိန်များစွာ ယူရဦးမည်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။

ကြက်တူရွေးကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမ ဝါယမအသင်းအဖွဲ့များ၊ ပက်-မြန်မာ စသည်တို့မှ ချေးငွေများ ရရှိသော်လည်း တင်းကျပ်သော ချေး ငွေစည်းမျဉ်း စည်းကမ်းများနှင့် ချေးငွေကာလ တိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ် ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲ ဖြစ်သည်။

ကျေးရွာ၏ ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြ ရသည်။ လူငယ်များအနေနှင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည် အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရာများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကြက်တူရွေးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေ ရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာရမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေ လက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေ ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၅) ကျေးရွာတွင်း လမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများ အတွက် သက်ဆိုင်ရာ ဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၆) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတတ်နိုင်သေးသဖြင့် လတ်တလော ကာလတွင် အဆင်ပြေနိုင်မည့် ဆိုလာပြားများအား အိမ်တိုင်းစေ့ တပ်ဆင်နိုင်ရေး အတွက် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်နှင့် ဆိုလာပြားများ ထောက်ပံ့ပေးနိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ်ပေးနိုင်ခဲ့ကြ ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ကြက်တူရွေးကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာ များတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေး

နိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကြက်တူရွေးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ပုသိမ်မြို့နှင့် မဝေးလှသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါ လှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

### (ဃ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

**(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်**

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍ*** | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | ၇၀ | ၉ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ် ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း | • ကျေးလက်/ ဦးစီး |
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | | |
| **အခြေခံ အဆောက် အဦး နှင့် နည်းပညာ သင်တန်း** | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၇၃ | ၈ | • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်<br>• ဈေးကွက် နှင့် သတင်းချိတ် ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း<br>• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုး မြှင့် ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။<br>• ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း နိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | • |
| ***တိရစ္ဆာန် မွေးမြူရေးနှင့် ရေလုပ်ငန်း*** | | | | | |
| **ဈေးကွက်နှင့် နည်း ပညာ သင်တန်း** | ၃။ ငါးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၆၀ | ၁၁ | • ငါးအခြေခံ ကုန်ချောများ ရောင်းချနိုင်ရန် ဈေးကွက်သဘောတရား နား လည်မှု စွမ်းရည်မြှင့်တင်ရေး။<br>• ကုန်ချောထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်အား နားလည်မှု စွမ်းရည် မြှင့်တင်ရေး။ | • |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြား ဝင်ငွေရ လုပ်ငန်းများ* | | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၄။ အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး | ၆၅ | **၁၀** | • Business Deve-lopment သင်တန်းများ နှင့် ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း<br>• ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း ပညာများပေးခြင်း (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ဆိုင်ကယ်ပြင်)<br>• ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး | • ကျေးလက်/ ဦးစီး |
| *ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း* | | | | | |
| **ချေးငွေ လက်လှမ်း မီရေး** | ၅။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ | ၈၀ | **၄** | • ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း | • |
| *ပညာရေး* | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ ပညာ တတ်မြောက်မှု တိုးတက် ရေး | ၈၀ | ၅ | • ကိုယ်ထူကိုယ်ထ မူကြိုကျောင်းနှင့် ကလေးအားကစားကွင်း တည်ဆောက်ခြင်း။<br>• ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ရေသန့်စက်များ တပ်ဆင်ပေးခြင်း။ | • |
| *ကျန်းမာရေး* | | | | | |
| **ကျန်းမာရေး တိုးတက်လာစေရေး** | ၇။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ စေရေး | ၈၅ | ၂ | • ကျေးလက် ကျန်းမာရေးဆေးပေး ခန်းနှင့် ကျန်းမာရေး ဝန်ထမ်းရရှိရန် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ယင်လုံအိမ်သာများ ဆောက်လုပ် အသုံးပြုရန် တိုက်တွန်းခြင်း<br>• ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း | • |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး* | | | | | |
| **သောက်သုံးရေ လုံလောက်စွာ ရရှိရေး** | ၈။ ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး။ | ၇၇ | ၆ | • ၄ လက်မ စက်ရေတွင်း တူးဖော်ခြင်း။<br>• ရွာလူထုထံမှ ပူးပေါင်းပါဝင်မှု ရယူခြင်း။<br>• ပုဂ္ဂလိကအလှူရှင် ကျေးလက်ဒေသဖွံ့ ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | • ကျေးလက်/ဦးစီး |
| *လမ်းပန်း ဆက်သွယ်ရေး* | | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ၁၀။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် လာစေရေး | ၈၈ | ၁ | • သလပ်ခွာ-စစ်ကဲကုန်း-ကြက်တူရွေးလမ်းအား ကွန်ကရစ်ခင်းခြင်း<br>• ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်း<br>• ကြက်တူရွေး (ရွာလယ်တံတား) တည်ဆောက်ခြင်း<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။ | • ကျေးလက်/ဦးစီး |
| *လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး* | | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၁၀။ ဆိုလာမီးရရှိရေး ချိတ်ဆက် ဆောင်ရွက်ရေး။ | ၈၃ | ၃ | • ကျေးရွာမီးလင်းရေး ကော်မတီ ဖွဲ့စည်းရန်။<br>• မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြခြင်း။ | • ကျေးလက်/ဦးစီး |
| *လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား* | | | | | |
| **လူငယ်များ စွမ်းဆောင်ရည် တိုးတက် လာစေရေး** | ၁၁။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင် ပေးရေး | ၇၅ | ၇ | • အခြေခံ ခေါင်းဆောင်မှု သင်တန်း။<br>• အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း။<br>• ဆက်ဆံရေးနှင့် ပံ့ပိုးမှု တိုးတက်လာစေရေး သင်တန်း။ | • ကျေးလက်/ဦးစီး |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦ များ တိုးတက်လာစေရေး | ၁ | Â | Â | | | |
| ၂ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၂ | Â | Â | Â | Â | Â |
| ၃ | ဆိုလာမီးရရှိရေး ချိတ်ဆက် ဆောင်ရွက်ရေး။ | ၃ | Â | | | | |
| ၄ | သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၄ | Â | Â | | | |
| ၅ | ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး | ၅ | Â | Â | Â | | |
| ၆ | ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး | ၆ | | | Â | | |
| ၇ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | ၇ | Â | Â | | | |
| ၈ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟု သုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး | ၈ | Â | Â | Â | Â | Â |
| ၉ | အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | ၉ | Â | Â | | | |
| ၁၀ | အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | ၁၀ | Â | Â | Â | Â | Â |
| ၁၁ | ငါးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၁၁ | Â | Â | Â | | |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါ သည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်

ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့ များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ် ပါ သည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက် များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ် ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင် မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်း စာနာမှု အထောက် အပံ့ |
| | | | | ငွေလုံးငွေ ရင်းအသုံး စရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦ များ တိုးတက်လာစေရေး | | | | | |
| ၂ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | | | | | |
| ၃ | ဆိုလာမီးရရှိရေး ချိတ်ဆက် ဆောင်ရွက်ရေး။ | | | | | |
| ၄ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | | | | | |
| ၅ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ | သာမန်အသုံးစရိတ် | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | |
|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၆ | ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး | | | | | |
| ၇ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | | | | | |
| ၈ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး အဖွဲ့အစည်းဖွံ့ဖြိုး | | | | | |
| ၉ | တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | | | | | |
| ၁၀ | အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | | | | | |
| ၁၁ | ငါးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | | | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း

ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန် ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့် သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကြက်တူရွေးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

### ၁.၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း ၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၆ | ၂ | ၈ | ၂ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၈ | ၁၃ | ၃၁ | ၆ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၁၄ | ၁၇ | ၃၁ | ၆ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၂၃ | ၂၉ | ၅၂ | ၁၀ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၁၈၁ | ၁၉၉ | ၃၈၀ | ၇၂ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၈ | ၁၄ | ၂၂ | ၄ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၂၅၀** | **၂၇၄** | **၅၂၄** | **၁၀၀** | |
| **စုစုပေါင်း အိမ်ထောင်စု = ၁၂၀** | | **၄.၃၆ ဦး / အိမ်ထောင်စု** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၃ | ၁၉.၁၆ | ၀ | လယ် - ၂၁၊ ဥယျာဉ် - ၂ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၆ | ၂၁.၆၇ | ၀ | လယ်ယာမြေအနည်းငယ်သာ ရှိသောသူများမှာလည်းကျေးရွာ၏ လယ်ယာလုပ်ငန်းတွင် ကျပန်းအလုပ်ကို လုပ်ကိုင်ကြသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | ***တိရစ္ဆာန် မွေးမြူရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၈၄ | နွား၊ကျွဲ၊ဝက်၊ကြက်၊ဘဲ စသည်တို့ကို စိုက်ပျိုးရေး၊ ကျပန်းတို့နှင့်တွဲ၍ တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၃.၃၃ | ၂၇ | အဓိကအားဖြင့် ကျပန်း လုပ်ငန်းကို လုပ်ကိုင်ကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | *ထုတ်ကုန်လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၄.၁၆ | ၀ | ပန်းရံဆရာ - ၂၊ လက်သမား ဆရာ - ၃ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၄.၁၆ | ၀ | အပ်ချုပ်ဆိုင် - ၃၊ ဆံပင်ညှပ်-၂ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၃.၃၃ | ၀ | ခေါင်းရွက်ဗျက်ထိုး - ၄ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၈.၃၃ | ၀ | ဆိုင်ကယ်တက်စီ - ၁၀ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၂.၅၀ | ၀ | ဝန်ထမ်း - ၃ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၇ | ***ကျွန်းမာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | ***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၀ | ၃၃.၃၃ | ၁၇ | ပုသိမ်မြို့ပေါ်နှင့် ပတ်ဝန်းကျင် ဒေသများတွင် ကျပန်း အလုပ်များကိုသာ အဓိကထား၍ လုပ်ကိုင်ကြသည်။ မိသားစုလိုက်ရွှေ့ပြောင်းခြင်း မဟုတ်ဘဲ တစ်ဦးတစ်ယောက်သာ သွားရောက်လုပ်ကိုင်သူ (မြဝတီ၊ရန်ကုန်၊မန္တလေး၊ ငွေဆောင်) |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | ***ပြင်ပ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၁၂၀** | **၁၀၀** | **၁၄၁** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၁.၃ သဘာဝ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၆၀၄.၈၁ | သင့် | မရ | ချောင်း |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၄.၈၀ | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ရွှေ့ပြောင်း တောင်ယာ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | မရှိ | | | |
| အခြား(ဓနိတော) | ၁၀.၅၅ | | | |
| **စုစုပေါင်း** | **၆၂၀.၁၆** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်**။ ။ရေရှိသည့် နေရာ အမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ။

ကြက်တူရွေးကျေးရွာတွင် မြို့နယ်မြေစာရင်း၏ စာရင်းအရ လယ်စိုက်ပျိုးမြေမှာ (၆၀၄.၈၁) ဧက ရှိသော်လည်း အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နိုင်သော လယ်မြေဧက (၄၀၀) ဝန်းကျင်ခန့်ရှိပြီး ဧက (၁၀၀) ခန့်မှာ ရေနက်ကွင်းများ ဖြစ်ပါသည်။ ထို့ကြောင့် ရေကြီးရေမြုပ်ဒဏ်ခံ ရာသီစပါး ဖြစ်သော ဧရာဝတီမျိုးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ နွေစပါးကို စိုက်ဧက အားလုံးနီးပါး စိုက်ပျိုးကြသည်။ သွင်းရေကို ငဝန်မြစ်လက်တက်ဖြစ်သော သံတွဲချောင်းမှ သွင်းယူကြပါသည်။ ဥယျာဉ်ခြံမြေ (၄.၈၀) ဧကတွင် ဝါးနှင့်ယူကလစ်များကိုသာ စိုက်ပျိုးကြသည်။ ဓနိတော ဧရိယာ (၁၀.၅၅) ဧက ရှိပါ သည်။

### ၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | |
| အခြား | မရှိ | |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ) ဘုန်းမသိမ်၊ | များ | လွယ် |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမီမှီ) |
|---|---|---|
| ဂျာမနီ၊လောက်သေ၊ သက်ရင်းကြီး၊ ထောင်စေးချောက်၊ ဆင်တုံးမနွယ် | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကြက်တူရွေးကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ ဂျာမနီ၊ လောက်သေ၊ သက်ရင်းကြီး၊ ထောင်စေးချောက်၊ ဆင်တုံးမနွယ် စသည့်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## ၁.၄ ဉစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဉစ္စာဓန အဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ် ၁၀ ဧက အထက် | လယ် ၅-၁၀ ဧက ကြား | လယ် ၅ ဧက အောက်နှင့်မြေမပိုင် | မရှိ |
| အိမ်အခြေအနေ | တိုက်ခံ၊ သွပ်မိုး (သို့) ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ထရံကာ၊ ဓနိမိုး | ဝါးတိုင်၊ ဝါးခင်း၊ ဓနိမိုး၊ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်၊ နွား၊ ရေစုပ်စက်၊ ခြွေလှေ့စက် | ထွန်စက်၊နွား၊ရေစုပ်စက်၊ ခြွေလှေ့စက် (အနည်းစုရှိ) | နွား | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုင်ကယ်၊တီဗွီ၊ ဆိုလာ | ဆိုင်ကယ်၊တီဗွီ၊ဆိုလာ | စက်ဘီး၊တီဗွီ | ကျပန်းလုပ်သား |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | ပိုလျှံ | မျှတ | အကြွေး အနည်းငယ်ရှိ | မလောက်ငှ |
| အခြားပိုင်ဆိုင်မှု | ကျွဲ၊နွား၊ကြက်၊ ဝက်မွေး | ကျွဲ၊နွား၊ကြက်၊ဝက်မွေး | ကြက်၊ဝက်မွေး | ကြက်၊ဝက်မွေး |
| **၁၂၀ အိမ်ထောင်စု** | **(၁၀) ( ၈%)** | **(၅) (၄%)** | **(၄၆) (၃၈%)** | **(၅၉) (၅၀%)** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာ၏ အခြေအနေအထားကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဉစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ သိရှိခဲ့ရပါသည်။ အများအားဖြင့် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများဖြစ်ကြပြီး ကျေးရွာရှိ အိမ်ထောင်စု၏ (၈၈) ရာခိုင်နှုန်း ရှိပါသည်။ မြေယာ

အနည်းငယ်သာ ပိုင်ဆိုင်ပြီး၊ ဝင်ငွေ နည်းပါးကြပါသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ (၅) စု ရှိပြီး လယ် (၅-၁၀) ဧကကြား လုပ်ကိုင်ကြသူများ ဖြစ်ကြပြီး ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံး ကိရိယာများ အပြည့်အစုံ နှင့် နွားများကို မွေးမြူကြသော အိမ်ထောင်စု အနည်းငယ် ပါဝင်ပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှု မရှိသလောက်ဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၁၀) စုရှိပြီး လယ် (၁၀) ဧက အထက် ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ အိမ်အနေအထားမှာလည်း တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံးကိရိယာများ အပြည့်အစုံနှင့်နွားစသည်တို့ ပိုင်ဆိုင်ကြသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၅၉ | ၁၀.၂၃ | ဆိုင်များတွင် အကြွေးယူပြီး လုပ်အားခဖြင့် ပြန်ဆပ်ပါသည်။ |
| ၃ လ နှင့် ၅ လ အထိ | ၃၆ | ၂၂.၇၀ | ဆိုင်များတွင် အကြွေးယူပြီး လုပ်အားခဖြင့် ပြန်ဆပ်ပါသည်။ |
| ၆ လ မှ ၁၂ လ အထိ | ၁၀ | ၆၇.၀၀ | အလုပ်လုပ်၍ ရလာသောလုပ်ခဖြင့်ပြေလည်အောင် ဖြေရှင်းသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ နှင့် စားနပ်ရိက္ခာ ဖူလုံမှုနှင့် အကြွေးတင်ရှိမှု စစ်တမ်း ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကြက်တူရွေးကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၁၀၅) စု ရှိသည့်အနက် (၅၉) အိမ် ထောင်စုမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃၆) အိမ်ထောင်စုမှာ (၃ - ၅) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ (၁၀) အိမ်ထောင်စုမှာ (၆) လနှင့်အထက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ ဆန်ရှားပါးမှုနှင့် ဆန်ဈေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျော့စားခြင်း၊ တစ်ရက်လုံးလျော့စားခြင်းများမှာ တစ်ခါမှ မဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရ သိရပါသည်။ မြေယာမဲ့ ကျပန်းသမားများမှာ အခြားသော အချိန်များတွင်မှု ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

### ၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ်နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၀ | ၀ | ၀ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | ၀ | ၀ | ၀ |

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား မ ပေါင်း အိမ်ထောင်စု အရေအတွက် |
|---|---|---|
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၀ |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | ၀ |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | ၁၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

သက်ကြီးရွယ်အို (၆၀) နှစ် နှင့် အထက် အဘိုးအဘွားများရှိသော်လည်း မိသားစုဝင်များမှ ကြည့်ရှု စောင့် ရှောက်ကြပါသည်။ စစ်တွေမြို့၊ ရန်ကုန်နှင့်မန္တလေးမြို့များသို့ အိမ်ထောင်စု (၁၂) စု မှ ( ၁၇)ဦးသည် သွားရောက်အလုပ်လုပ်ကိုင်နေကြပါသည်။ မိသားစု တစ်စုလုံး ရွှေ့ပြောင်း လုပ်ကိုင် ခြင်းမျိုးမရှိဘဲ အိမ်ထောင်တစ်စုမှ တစ်ဦး၊ နှစ်ဦးသာ သွားရောက်လုပ်ကိုင်ကြခြင်းသာ ဖြစ်သည်။

## ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | စပါးစိုက်ပျိုးရေး အနည်းငယ်နှင့် ကျပန်းလုပ်ငန်းကိုသာ မှီခိုကြရခြင်း |
| ၂ | သဘာဝ အရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် | လယ်မြေဧက ပေါများ၍ နွေစပါးစိုက်ပျိုးရန်အတွက် သွင်းရေရနိုင်မည့် ချောင်းများ ပေါများပါသည်။ |
| ၃ | ရေကြီးခြင်း | လတ် | တစ်နှစ် တစ်ကြိမ် ရေကြီးလေ့ ရှိပါသည်။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မရှိပါ။ |
| ၅ | မုန်တိုင်း | နိမ့် | အပြင်းအထန်ကြုံတွေ့ခဲ့ဖူးခြင်းမရှိပါ။၁၉၇၅ ခုနှစ်မုန်တိုင်းသာလျှင် ကြုံခဲ့ဖူးပါသည်။ |
| ၆ | ငလျင် | နိမ့် | |
| ၇ | မီးဘေး | နိမ့် | ကြိုတင်ကာကွယ်သည့် အလေ့အထကြောင့်ဖြစ်လေ့ဖြစ်ထ မရှိပါ။ |
| ၈ | ဆားငန်ရေဝင်မြေ | နိမ့် | မရှိပါ။ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | မရှိပါ။ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် | သစ်တောမြေမရှိ၊ |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | မရှိ |
| ၁၂ | တီဘီရောဂါ | နိမ့် | မရှိ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှု ရောဂါ | နိမ့် | မရှိ |
| ၁၄ | ပြည်တွင်းနေရပ် စွန့်ခွါ ရွှေ့ပြောင်း ခံရသူများ (IDP) | နိမ့် | မရှိ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | နိမ့် | ပုသိမ်မြို့ အဝင် ကြိုးတံတား နှင့် (၁၁) မိုင် အကွာအဝေးတွင် တည်ရှိခြင်း |
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | မိသားစုကျေးရွာဖြစ်သောကြောင့်ဝိုင်းဝန်း စောင့်ရှောက်ကြပါသည်။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ပစ္စည်း၊ အရင်းအနှီးနည်းသော ဆင်းရဲ သားတောင်သူများခက်ခဲနိုင်ပါသည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျ ရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ | လတ် | ရေကြီးမှုသည် သာမန်ရာသီများထက် ပြင်းထန်ပါက အိမ်ထောင်စု(၂၀) ခန့် ကြုံတွေ့ရနိုင်ပါသည်။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | လတ် | ရေကြီးမှုသည် သာမန်ရာသီများထက် ပြင်းထန်ပါက အိမ်ထောင်စု(၂၀) ခန့် ကြုံတွေ့ရနိုင်ပါသည်။ |
| ၆ | မတော်မဆမှု ဖြစ်နိုင်ခြေများသော နေရာ (Prone to accident) | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံ ရသူများ(IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | ရေကြီးမှုသည် သာမန်ရာသီများထက် ပြင်းထန်ပါက အိမ်ထောင်စု(၂၀) ခန့် ကြုံတွေ့ရနိုင်ပါသည်။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ငါးမွေးမြူရေးကန်ဖြင့် လုပ်ကိုင်သူ မရှိပါ။ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | နိမ့် | |
| ၁၁ | လူနည်းစု လူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | |
| ၁၅ | ဆေးစွဲသူများ | မရှိ | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်း သူများ | မရှိ | |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | လတ် | မိသားစုနှင့် ခွဲနေရ၍ လူမှုရေး အခက်အခဲများ ကြုံတွေ့နိုင် |
| ၁၉ | ကားသမား | | |
| ၂၀ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကြက်တူရွေးကျေးရွာသည် မိသားစုဆွေမျိုးများဖြင့်သာ ရွာတည်ထားသောကြောင့် စုစည်းညီညွတ်မှု ရှိပါသည်။ ဘေးအန္တရာယ် တစ်ခုခု ကြုံလာပါက စုပေါင်းဖြေရှင်းသည့် အလေ့အထ ရှိသောကြောင့် ဆိုးဆိုးရွားရွား ထိခိုက်မှု မရှိခဲ့သည်ကို တွေ့ရပါသည်။ သို့သော်လည်း ငွေကြေး အရင်းအနှီး မဖူလုံသော ဆင်းရဲသား တောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ ရေဘေးနှင့် ကြုံတွေ့လာလျှင် အနိမ့်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စု (၂၀) ခန့် ကြုံတွေ့ရနိုင်သည်။

## (၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လမ်းတံတား အဖွဲ့ | ၂ | ၄ | ၀ | ၄ | ဖွံ့ဖြိုးရေး | ၄ | ၆ |
| ၂ | မိဘဆရာ အသင်း | ၂ | ၅ | ၇ | ၁၂ | ပညာရေး | ၄ | ၇ |
| ၃ | ဂေါပက အဖွဲ့ | ၃ | ၆ | ၀ | ၆ | ဘာသာ ရေး | ၄ | ၆ |
| ၄ | ရပ်မိရပ်ဖ အဖွဲ့ | ၂ | ၅ | ၀ | ၅ | သာရေးနာရေး | ၄ | ၆ |
| ၅ | လူငယ်အဖွဲ့ | ၂ | ၃၀ | ၃၀ | ၆၀ | သာရေးနာရေး | ၄ | ၇ |
| ၆ | ပြည်သူ့စစ်အဖွဲ့ | ၂ | ၃၀ | ၀ | ၃၀ | ဘာသာရေး | ၄ | ၆ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

**ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ**

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လမ်းတံတားအဖွဲ့၊ မိဘဆရာအသင်း၊ ရပ်မိရပ်ဖ အဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ပြည်သူစစ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေး နာရေးကိစ္စရပ်များကို ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။

## ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ပက် - မြန်မာ | ၂ | စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေ ထုတ်ချေးခြင်း |
| ၂ | | | |
| ၃ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူ့မှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ**

ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ (၃) နှစ်ခန့်ရှိပြီ ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးသည့် ရိုးရိုးချေးငွေ ဟူ၍ နှစ်မျိုး ထုတ်ချေးပေးနေပါသည်။

## ၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၇ | ၈၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟတ်တာထိ) | ၀ | ၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၉ | ၈ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟတ်တာ ထိ) | ၉ | ၈ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ ဧက အထက် (၅ ဟတ်တာ နှင့် အထက်) | ၅ | ၄ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၂၀** | **၁၀၀** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်မြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏ (၂၀%)ခန့်ရှိ၍ စပါး စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် ကျေးရွာ၏ ဝမ်းစာလုံလောက်မှုအတွက် အသင့်အတင့် ရှိပါသည်။ ဆင်းရဲသား ကျပန်းမိသားစုများသည် လယ်ယာလုပ်ငန်းခွင်တွင် နေ့စား လုပ်သားများအဖြစ် ဝင်ရောက် လုပ်ကိုင်ကြခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေပါသည်။ စပါးအခြေခံထုတ်လုပ်မှု အဆင့်ဆင့် (ဆန်ကြိတ်ခွဲမှု၊ အရောင်းအဝယ်စသည်) အတွက်လည်း အကျိုးအမြတ် ရရှိစေပါသည်။

#### ၂.၂.၁.၂ အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | မရှိပါ |
| ၂ | ရေလွှဲဆည် | | | မရှိပါ |
| ၃ | မြစ်ရေတင်စီမံကိန်း (ချောင်းရေ) | | ၄၀၀ | ချောင်းရေကို ရေတင်စနစ်ဖြင့် သုံး၍ နွေစပါး စိုက်ပျိုးသည်။ တစ်နှစ်ပတ်လုံး ရရှိပါသည်။ |
| ၄ | ဆည်မြောင်း | | | မရှိပါ |
| ၅ | အဝီစိတွင်း | | | မရှိပါ |

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်) |
|---|---|---|---|---|
| ၆ | လက်ငင် ရေတွင်း | | | မရှိပါ |
| ၇ | စိမ့်စမ်းရေ | | | မရှိပါ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နွေစပါးအတွက် သွင်းရေကို ငဝန်မြစ် လက်တက်ဖြစ်သော သံတွဲချောင်းမှ မြောင်းငယ်များ သွယ်ယူ၍ သွင်းယူ ကြပါသည်။ သွင်းရေ လုံလုံလောက်လောက် ရရှိပါသည်။ မိုးစပါး ရိတ်သိမ်းချိန် နောက်ကျသည့် လယ်မြေများတွင် အကျိုးဆက်အားဖြင့် နွေစပါး ရိတ်သိမ်းချိန်လည်း နောက်ကျ သွားသဖြင့် သွင်းရေတွင် ရေငန်ဓာတ်များ ပါဝင်မှုရှိလာပြီး စပါးအထွက်ကို လျော့နည်းစေပါသည်။

နွေစပါးစိုက်ပျိုးရန်အတွက် ပြင်ဆင်ချိန် တစ်လအတွင်း အမြန်ပြီးစီးအောင် လယ်သမား များသည် အလျင်အမြန် ကြိုးစားကြရသည်။

### ၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| စပါး(မိုး - အထွက်ကောင်း စပါး) | ၃၀၀ | တင်း | ၅၀ | ၇၀ | ၆၀ | ဇူလိုင် | မြင့် | နည်း | |
| စပါး (မိုး- ရာသီ စပါး) | ၁၀၀ | တင်း | ၄၀ | ၆၀ | ၅၀ | ဇူလိုင် | မြင့် | နည်း | မြေဆီဩဇာသင့် |
| စပါး (နွေ) | ၄၀၀ | တင်း | ၈၀ | ၆၀ | ၇၀ | ဒီဇင်ဘာ | မြင့် | လတ် | မြေဆီဩဇာသင့် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာရှိ လယ်သမားများ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီ စိုက်ပျိုးရာတွင် ဧက (၁၀၀) ခန့်မှာ ရေနက်ကွင်းများဖြစ်၍ ရေနစ်ဒဏ်ခံနိုင်သော ရာသီစပါးမျိုးဖြစ်သည့် ဧရာဝတီ မျိုးကိုသာ စိုက်ပျိုးနိုင်သည်။ ကျန်ဧက (၃၀၀) ခန့်မှာ အထွက်ကောင်းမျိုးဖြစ်သည့် ဧရာမင်းမျိုးကို ထည့်သွင်း စိုက်ပျိုးကြပါသည်။ ဧရာမင်းမျိုးသည် အခြားသော အထွက်ကောင်းမျိုးများ ထက်ပင် အရပ်ပိုရှည်သဖြင့် ဒေသနှင့် သင့်တော်ပါသည်။

မိုးစပါးတွင် စိုက်ခင်းအားလုံးသည် ရွှေ့ပြောင်းစိုက်သည့် စနစ်ကို ကျင့်သုံးကြပါသည်။ ဓာတ်မြေ ဩဇာ ထည့်သွင်းခြင်းကို ယူရီးယား (၁) အိတ်၊ တီစူပါ (၁) အိတ် နှင့် ပိုတက် (၀.၅) အိတ်

ထည့်သွင်းကြပါသည်။ ကောက်စိုက်ခမှာ လူတစ်ယောက်လျှင် တစ်နေ့ (၃,၀၀၀) ကျပ်ဖြင့် ငှားရမ်းရပါသည်။ တစ်ဧကလျှင် အနည်းဆုံး (၁၅) ဦး မှ (၂၀) ဦး အထိ ကောက်စိုက်ရန် ငှားရမ်းရပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသော ချေးငွေမှာ မြေပြင်ဆင်စရိတ်နှင့် စိုက်ပျိုးစရိတ်အထိ အထောက်အကူပြုပါသည်။ သို့သော် ဓာတ်မြေဩဇာ နှင့် ရိတ်သိမ်း စရိတ် တို့အတွက် ပြင်ပ လုပ်ငန်းရှင်များနှင့် ဓာတ်မြေဩဇာ အရောင်းဆိုင်များမှ အတိုးနှုန်း(၃)ကျပ်နှင့် အလွတ်ချေးငွေ အတွက် (၅) ကျပ်နှုန်း အထိ ချေးယူရပါသည်။

နွေစပါးတွင်မူ မြေပြုပြင်ချိန် တိုတောင်းခြင်းနှင့် ရာသီချိန် တိုတောင်းလွန်းခြင်းကြောင့် လယ်သမားများအားလုံး ကြဲခင်းသာ ပြုလုပ်ကြပါသည်။ အခက်အခဲများကြုံတွေ့ရပါသည်။ နွေစပါး စိုက်ချိန် နောက်ကျသည့် လယ်များတွင် နောက်ပိုင်းရေသွင်းရသည့် အကြိမ်များတွင် ရေငန်ဝင်ခြင်း နှင့် ကြုံတွေ့ရသဖြင့်  များစွာထိခိုက်စေပါသည်။ နွေစပါးတွင် စိုက်ပျိုးချိန် နောက်ကျသော အခင်း များတွင် ဧပြီလလယ် ရွာသွန်းတတ်သည့်မိုးကြောင့် အချိန်မှီ ရိတ်သိမ်းနိုင်ခြင်းမရှိပဲ ဆုံးရှုံးမှုများနှင့် ကြုံရပါသည်။ ထို့ကြောင့် အချိန်တိုအတွင်း ရိတ်သိမ်းနိုင်မည့် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း နိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်လျှင် အဆိုပါ အခက်အခဲများ ကျော်လွှား သွားနိုင်မည်ဖြစ်သည်။

ယခုနှစ်များတွင် စပါးခင်းများ၌ နီတိုရောဂါကျရောက်မှုကြောင့် ပျက်စီး ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရပါသည်။ တောင်သူလယ်သမားများသည် ပုသိမ်မြို့ပေါ်သို့ သွားရောက်ပြီး ရောဂါကျ စပါးပင် နမူနာများအား ယူဆောင်သွားပြီးလျှင် ကုမ္ပဏီနှင့် စိုက်ပျိုးရေးဆေးဆိုင်များမှ ညွှန်း ဆိုသော ဆေးများကိုဝယ်ယူ၍ ပက်ဖျန်းကြပါသည်။ စိုက်ပျိုးနည်းပညာများကို စနစ်တကျ ကျင့်သုံး လိုက်နာမှုနှင့် ပိုးမွှားရောဂါအား နည်းစနစ်ကျကျ ကာကွယ်မှုများ အားနည်းနေသည်ကို ဆွေးနွေး ချက်များအရ သိရှိရပါသည်။

ကွမ်းရွက်ကို အိမ်ထောင်စု (၁၅) စုမှ စိုက်ပျိုးကြပြီး ရောဂါကင်းလွတ်သည့် စိုက်ခင်းများတွင် တိုင် (၁,၀၀၀) လျှင် တစ်လဝင်ငွေ (၁၀၀,၀၀၀) ကျပ်ခန့် ရရှိသဖြင့် ဆင်းရဲသား မိသားစုများအတွက် အားထား စိုက်ပျိုးလာနိုင်သော်လည်း ရောဂါမကာကွယ်နိုင်ပါက အရင်းအနှီး များစွာ ဆုံးရှုံးနိုင်ပေသည်။

### ၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | ၁ | | တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှုများဖြစ်ပါသည်။ |
| ရိတ်သိမ်းစက် | | | |
| လက်တွန်းထွန်စက် | ၁၅ | | တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှုများဖြစ်ပါသည်။ |
| ခြွေလှေ့စက် | ၈ | | တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှုများဖြစ်ပါသည်။ |

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ရေစုပ်စက် | ၁၉ | | တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှုများဖြစ်ပါသည်။ |
| ခြေနင်းရေတင်စက် | | | |
| မျိုးစေ့ချစက် | | | |
| မြက်ရိတ်စက် | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လယ်ယာလုပ်ငန်းတွင် ကျွဲ၊ နွားသုံးစွဲမှု မရှိတော့သလောက် အခြေအနေဖြစ်ပြီး ဧကများသော တောင်သူကြီး၊ တောင်သူလတ်များသည် ထွန်စက်ကြီးနှင့်လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ ထို့အပြင် ရေစုပ်စက်နှင့် စပါးခြွေလှေ့စက်များကို ပိုင်ဆိုင်ကြပါသည်။ မိုးစပါးနှင့် နွေစပါး နှစ်သီးစိုက်သော ကျေးရွာ ဖြစ်၍ စက်အင်အားဖြင့် အားကိုး စိုက်ပျိုးကြခြင်း ဖြစ်ပါသည်။ စပါးအမြန် ရိတ်သိမ်းရန်အတွက် ရိတ်သိမ်း ခြွေလှေ့စက်များကို အသုံးပြုလိုသော်လည်း လယ်မြေများတွင် ရိုးချောင်းများ များပြားမှုကြောင့် ဝင်ရောက် နိုင်ခြင်း မရှိသည့်အတွက် အခက်အခဲများ၊ ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရပါသည်။

### ၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ) | ရှိ | စပါးကို နှစ်သီးစိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ |
| ရေအရင်းအမြစ် | ရှိ | နွေစပါးအတွက် စိုက်ပျိုးရေ အလုံအလောက် ရရှိပါသည်။ |
| သဘာဝမြေဆွေး၊ ဩဇာနစ် | မရှိ | ရှေးယခင်က သဘာဝမြေဆွေးကို စနစ်တကျ အသုံးပြုခဲ့ကြ သော်လည်း နောက်ပိုင်းတွင် ကျွဲ၊နွားများရှားပါးလာခြင်းနှင့် သိသာမြန်ဆန်သော ဓာတုမြေဩဇာကို သာသုံးစွဲလာခြင်းတို့ကြောင့် ပညာပေး ကူညီမှုများ လိုအပ်နေအုံးမည် ဖြစ်ပါသည်။ |
| ဩဇာနစ်ပိုးသတ်ဆေး | မရှိ | တောင်သူများ မည်သို့ အသုံးချရမည်ကို မသိရှိ၍ အလှမ်းဝေးနေဆဲ ဖြစ်ပါသည်။ |
| ဈေးငွေရရှိမှု | ရှိ | မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ယူရရှိ နေသော်လည်း ဧကသတ်မှတ်ချက် ၊ ထုတ်ချေးငွေပမာဏ၊နှင့် ချေးငွေကာလတို့အပေါ် ပြင်ဆင်ပေးနိုင်မည်ဆိုလျှင်ပိုမိုအကျိုးရှိပါမည်။ |
| သွင်းအားစုဈေးကွက် | မရှိ | စိုက်ပျိုးရေးကုမ္ပဏီများမှ ဓါတ်မြေဩဇာ၊မျိုးစေ့ စသည်တို့အတွက် လာရောက် ရင်းနှီး လုပ်ကိုင် ခြင်း မရှိသေးပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | မရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | မရှိ | |
| ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု | ရှိ | |
| သွင်းအားစုတတ်နိုင်မှု | ရှိ | |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | မရှိ | |
| ဆည်မြောင်းရေရရှိမှု | မရှိ | |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | ရှိ | |
| ဖျက်ပိုးနှင့်ရောဂါ | မရှိ | |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | |
| ဈေးကွက်လက်လှမ်းမီမှု | မရှိ | |
| အစိုးရမူဝါဒနှင့် အစီအစဉ် | မရှိ | |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တောင်သူလယ်သမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှသာ ချေးယူရရှိနိုင်ပါသည်။ အစိုးရဘဏ်မှချေးငွေမှာ ချေးငွေကာလ တိုတောင်းခြင်း၊ တစ်ဧက တစ်သိန်းနှုန်း သတ်မှတ်ထားခြင်း၊ အများဆုံး (၁၀) ဧကကို (၁၀) သိန်း အထိသာ ထုတ်ချေးပေးနိုင်ခြင်းကြောင့် စပါးထွက်ရှိချိန်တွင် စပါးဈေးနှုန်းနိမ့်ကျ နေသော်လည်း တောင်သူလယ်သမားများမှာ မိမိတို့စပါးကို ထုတ်ရောင်းချရသဖြင့် ရရှိမည့် အကျိုးအမြတ်များ များစွာဆုံးရှုံးရပါသည်။

ချေးငွေရရှိနိုင်မည့် အစိုးရဘဏ်များမှ ချေးငွေကာလကို နှစ်ရှည်ချေးပေးနိုင်လျှင် သော်လည်းကောင်း၊ အစိုးရအသိအမှတ်ပြု ဘဏ်တစ်ခုခုတွင် မိမိတို့ပိုင်ဆိုင်သလောက် ချေးငွေ ထုတ်ပေးနိုင်မည့် အခြေအနေများ ရှိလာမည်ဆိုလျှင် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းလာနိုင်ပြီး စားနပ်ရိက္ခာဖူလုံ လာစေမည် ဖြစ်ပါသည်။ နွေစပါး စိုက်ပျိုးရန်အတွက် သွင်းရေလုံလောက်မှုသည် အဓိကကျသော အခွင့်အလမ်းတစ်ခုဖြစ်ပြီး အချို့သော ကျေးရွာများရှိ စိုက်ပျိုးရေး သွင်းအားစု များကို ကူညီပံ့ပိုးပေးနိုင်သည့် ဧရာပုသိမ်ကဲ့သို့သော ကုမ္ပဏီများနှင့်ချိတ်ဆက်နိုင်မည်ဆိုလျှင် လယ်သမားများ စပါးထုတ်လုပ်မှုတွင် အဆင်ပြေလာမည်ဖြစ်ပါသည်။ သို့သော်လည်း ချေးငွေနှင့်ဆက်နွယ်သော ပြင်ပအကူအညီများသည် အတိုးနှုန်းနည်းပါးပြီး နှစ်ရှည်ချေးငွေ အမျိုးအစားများ ဖြစ်ကြပြီး အရင်းဖဲ့ဆပ်ခွင့်ရနိုင်မှသာ လယ်သမားများသည် ၎င်းတို့၏လယ်ယာလုပ်ငန်းခွင်တွင် တိုးမြှင့်ထုတ်လုပ်နိုင်သည့် နည်းစနစ်များကို ကျင့်သုံးလာနိုင်မည်မှာ အသေအချာပင်ဖြစ်ပါသည်။

### ၂.၂.၂ မွေးမြူရေး လုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၈ | |
| မြင်း | | |
| ကျွဲ | ၁ | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၄၃ | |
| ကြက် | ၅၀ | |
| ဘဲ | ၈ | |
| အခြား | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ရေချိုငါးဖမ်းလုပ်ငန်း | ၃၁ | အသေးစား ငါးဖမ်းလုပ်ငန်းများ ဖြစ်ကြသည်။ |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကြက်တူရွေး ကျေးရွာတွင် တစ်ပိုင်တစ်မွေးမြူရေး အနည်းငယ် လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ဒေသကြက်၊ ဘဲ မွေးမြူကြပါသည်။ မွေးမြူရေးကို အဓိကထားသော မိသားစု (၆၀) ခန့် ရှိကြပါသည်။ ဆောင်းရာသီနှင့် နွေရာသီ ဘဲစားကျက်၊ ရေမရှိသောကြောင့် ဥစားဘဲမမွေးပဲ ဟင်းစားဘဲသာ မွေးကြပါသည်။

ကြက်တူရွေးကျေးရွာတွင် ကြက်တူရွေးချောင်းရှိပြီး ငါးပလာတူး၊ ပုဇွန်၊ ငါးဘတ်၊ ငါးရံ့၊ ငါးခူ၊ ငါးကျီး၊ ငါးပြေမ စသော ငါးသားပုဇွန်မျိုးများ နေထိုင်ကျက်စားပါသည်။ ကျေးရွာတွင် ရေလုပ်သား (၃၁) ဦး ရှိပြီး အသေးစားငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ငါးဖမ်းကာလမှာ တော်သလင်းလမှ တန်ခူးလအထိ (၇)လ ဖြစ်ပါသည်။ ငါးမဖမ်းရသောရာသီတွင် ကျပန်းအလုပ်ဖြင့် အသက်မွေး ဝမ်းကျောင်းကြပါသည်။ ကျပန်း နေ့စားခ တစ်နေ့ (၃,၀၀၀) ကျပ် ဖြစ်သည်။

### ၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | နွားစားကျက်မရှိပါ။ ဘဲများအတွက် ချောင်းတွင် ကျောင်းရန် နေရာရှိပါသည် |
| ရေရရှိမှု | ရေလုံလောက်မှုရှိ |
| တိရစ္ဆာန်မျိုး | ဒေသမျိုးကိုသာသုံးစွဲ |
| ချေးငွေ | သမဝါယမချေးငွေ၊ |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | ရွာထဲတွင်ရောင်းနိုင်၊ သလပ်ခွာသို့ပို့၊ ပုသိမ်သို့ပို့ |
| ထုတ်ကုန်ရောင်းဝယ်မှု | |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | မြေနေရာမရှိပါ |
| အခြား(၁) | |
| အခြား(၂) | |
| အခြား(၃) | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၂.၂.၃ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမီမှု | အားနည်း (စီးပွားဖြစ်ထုတ်ချေးငွေအားနည်း) |
| ကူးစက်ရောဂါဖြစ်ပွားမှု | များ၊ |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | ပြဿနာမရှိပါ(အုပ်စုတွင်း၊အနီးအနားအုပ်စု၊တိုင်းဒေသကြီး) |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | အားနည်း |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမီမှု | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမီမှု | |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | များ |
| အရင်းအနှီးလက်လှမ်းမီမှု | အားနည်း |
| အခြား | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းတိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်ပါသည်။ တိရစ္ဆာန်ကျန်းမာရေး အကျိုးတော်ဆောင်မရှိပါ။ အခြားရွာမှ လာရောက်ပြီး ဝန်ဆောင်မှုပေး ပါသည်။ သို့သော် အရေးပေါ် အခြေအနေများတွင် လုံလောက်မှုမရှိပါ။ ကျေးရွာမှ နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ တက်ရောက်ချင်ပါသည်။ ပံ့ပိုးပေးပါက မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်ပါသည်။

စီးပွားဖြစ် အသားတိုးဝက် မွေးမြူရန်အတွက် စိတ်ဝင်စားသော မိသားစု (၁၅) ဦးရှိပါသည်။ တစ်ပိုင် တစ်နိုင် မွေးမြူလိုသူ (၄၅) ဦးခန့် ရှိပါသည်။ နည်းပညာအဆင့်မြှင့်ရန် လိုအပ်ပါသည်။ အရင်းအနှီးလည်း လိုအပ်နေပါသည်။ ပက်-မြန်မာအဖွဲ့ ရှိသော်လည်း (၁၄) ရက် တစ်ကြိမ် အရစ်ကျပြန်လည် ပေးဆပ်ရသောကြောင့် အနည်းဆုံး(၈) လခန့်မွေးမြူမှသာ ရောင်းချပြီး ငွေပေါ်နိုင်သည့် ဝက်မွေးမြူရေးလုပ်ငန်းအတွက် အဆင်မပြေကြပါ။ သို့ပါ၍ သမဝါယမကဲ့သို့သော အဖွဲ့များမှ ကာလရှည် ချေးငွေရရှိနိုင်ပါက အဆင်ပြေနိုင်ပါသည်။

ရေလုပ်သား (၃၁) ဦးတွင် စုစုပေါင်းလှေငယ် (၂၁) စီးသာ ရှိပါသည်။ သစ်အမျိုးအစားမကောင်းသောကြောင့် နှစ်စဉ် မွမ်းမံပြင်ဆင်စရိတ် ရှိပါသည်။ လှေမပိုင်ဆိုင်သော ရေလုပ်သားများမှာ ငါးဖမ်းရာတွင် အခက်အခဲရှိပါသည်။ လှေငှားရမ်းခပေး၍ အသုံးပြု နေရပါသည်။ လှေ (၁) စင်း၏ တန်ဖိုးမှာ အသေး (၁၂၀,၀၀၀) ကျပ်၊ အကြီး (၁၅၀,၀၀၀) ကျပ် ဖြစ်ပါသည်။ ငါးဖမ်းပိုက်မပိုင်သော ရေလုပ်သားများလည်း အတိုးကြီးပေး၍ ဝယ်ယူရသောကြောင့် နစ်နာလှပါသည်။ ငါးပလာတူး ပိုက်မှာ (၁၅၀,၀၀၀) ကျပ် ရှိပြီး၊ အတိုးကြီးပေး၍ ဝယ်ယူသုံးစွဲနေရပါသည်။ လှေနှင့် ငါးဖမ်းပိုက် ကိုယ်ပိုင်ပြည့်စုံအောင် ဝယ်ယူလိုပါသည်။ ရေလုပ်သားတစ်ဦးလျှင် လုပ်ဖက်ကိရိယာ အတွက် စုစုပေါင်း (၃၀၀,၀၀၀)ကျပ် လိုအပ်ပါသည်။ ကာလရှည်ချေးငွေရရှိနိုင်ပါက ရေလုပ်ငန်းဖြင့် အသက်မွေးသော မိသားစုများအတွက် ပိုမို အဆင်ပြေ နိုင်ပါသည်။

### ၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

#### ၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | | ၅ | ၅ | နိမ့် (ပန်းရံဆရာ - ၂၊ လက်သမား ဆရာ - ၃) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၅ | | | နိမ့် (အပ်ချုပ်ဆိုင် - ၃၊ ဆံပင်ညှပ် - ၂) |
| ၇ | လက်လီ-လက်ကားရောင်း ဝယ်ရေး | ၄ | | | နိမ့် (ခေါင်းရွက်ဗျက်ထိုး-၄) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | ၁၀ | | လတ် (ဆိုင်ကယ်တက်စီ - ၁၀) |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | ၃ | | လတ် (ပညာရေး ဝန်ထမ်း - ၃) |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင် များ(အထက်ဖော်ပြပါလုပ်ငန်း များမှအပ) | | ၄၀ | ၁၇ | ပုသိမ်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသများတွင် ကျပန်းအလုပ် များကိုသာ အဓိကထား၍ လုပ်ကိုင်ကြသည်။ မိသားစုလိုက်ရွှေ့ပြောင်းခြင်း မဟုတ်ဘဲ တစ်ဦး တစ်ယောက်သာ သွားရောက်လုပ်ကိုင်သူ (မြဝတီ၊ရန်ကုန်၊မန္တလေး၊ ငွေဆောင်) |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၇ | ပြင်ပ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၉ | ၅၈ | ၂၂ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

နေ့စားအလုပ်လုပ်ကိုင်သူမှုများမှာ ခြံရှင်းခြင်း၊ ရာဘာစိုက်ပျိုးခြင်းတို့ကို ငွေဆောင် ကားလမ်းဘေးတွင် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား (၃၀၀၀) ကျပ်၊ မ (၂၅၀၀) ကျပ် ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၄၀) ခန့် လုပ်ကိုင်ကြသည်။ တနင်္ဂနွေနေ့တိုင်း ပိတ်၍ အမြဲတမ်းအလုပ်မရှိပေ။ အလုပ်ရှင်များအပေါ်တွင်သာ မူတည်နေသည်။ ကားလာမခေါ်၍ မလုပ်ကိုင်ရသည်များလည်း ရှိသည်။

ရေလုပ်ငန်းလုပ်ကိုင်သူမှာ အိမ်ထောင်စု (၃၁) စု ရှိ၍ တစ်နှစ်လျှင် လိုင်စင်ကြေး (၇၀၀၀) ကျပ် ပေးဆောင်ရသည်။ ရရှိသော ငါး၊ပုဇွန်များကို ကျေးရွာတွင်ပင် ပြန်လည် ရောင်းချကြသည်။ အချို့မှာ ပုသိမ်သို့ သွားရောက် ရောင်းချကြသည်။ ပုဇွန်ထုပ် (၁၀) ကျပ်သားလျှင် မြို့ဈေးထက် (၁၀၀၀) ခန့် လျော့၍ ကျေးရွာတွင် ရောင်းကြရသည်။ ရေကြီး၊ ရေလျှံသည့် မိုးတွင်းကာလတွင် ရေလုပ်ငန်းကို ရပ်နားထားကြရသည်။

ဝါးများကို ပုသိမ်-ငွေဆောင်လမ်းရှိ (၁၅-၁၆) မိုင်တို့တွင် သွားရောက် ခုတ်ယူရောင်းချကြသည်။ ရရှိသော ဝါးအမျိုးအစားများမှာ ခရင်၊ သိုက်၊ ဝါးရားတို့ ဖြစ်ပြီး တစ်နေ့ဝင်ငွေ (၂၅၀၀ - ၃၀၀၀) ကျပ် ရရှိကြသည်။ အိမ်ထောင်စု (၄၀) ခန့် လုပ်ကိုင်ကြသည်။

### ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| ပုသိမ်မြို့နှင့်(၁၀) မိုင်ခန့်သာ ကွာဝေးခြင်း<br>သလပ်ခွာ (ဒုတိယဈေးကွက် နှင့် (၂) မိုင်ခန့် သာ ကွာဝေးခြင်း)<br>ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် စိတ်အားထက် သန်ခြင်း | မိုးတွင်းကာလ (၃) လတွင် အလုပ်အကိုင် ရှားပါးခြင်း<br>အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုနည်းခြင်း<br>မိရိုးဖလာ ကောက်စိုက်၊ ကောက်ရိတ် လုပ်ငန်းမှလွဲ၍ ပြင်ပ ဗဟုသုတ မရှိခြင်း<br>လုပ်ငန်းသစ် တစ်ခု လုပ်ကိုင်ရန် ယုံကြည်မှု မရှိခြင်း |

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| နည်းပညာများ လိုအပ်ခြင်းနှင့် သင်ယူလိုစိတ် ရှိခြင်း | ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် နည်းပညာမရှိခြင်း နှင့် ငွေကြေး အရင်းအနှီး မတတ်နိုင်ခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၃ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (ကီလိုမီတာ) | သလပ်ခွာ (၃.၂ကီလို) | ပုသိမ် (၁၂ကီလိုမီတာ)၊ မြို့မဈေး၊ ရွှေပြည်သာဈေး |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ကား၊ ဆိုင်ကယ်၊ စက်ဘီး | ကား၊ ဆိုင်ကယ်၊ စက်ဘီး |
| ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင်မှုပေးနိုင်မှု | အဝတ်အထည်၊ အစားအသောက် ရနိုင် | အားလုံးရနိုင် |
| ဈေးအခြေခံအဆောက်အဦး နှင့် ဝန်ဆောင်မှု | ဈေး(၁) ဆောင် | မြို့မဈေး (၅ ရုံ၊ ၉၆၃ ခန်း)၊ ကမ်းနားဈေး၊ ဘူတာဈေး၊ ကုလားကုန်းဈေး၊ ကြက်တူရွေး စာပင်ဈေး (ဈေးလေး)၊ ဇရာမင်းဈေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကြက်တူရွေးကျေးရွာအနေဖြင့် အရေးပေါ်လိုအပ်မှုများဝယ်ယူရန်နှင့် ရောင်းချရန် သလပ်ခွာဈေးသို့ သွားရောက်လေ့ရှိသည်။ သလပ်ခွာကျေးရွာနှင့် ကြက်တူရွေးကျေးရွာမှာ (တစ်မိုင်ခွဲ)မျှသာ ကွာဝေးပါသည်။ သလပ်ခွာဈေးတွင် အဝတ်အထည်၊ အစားအသောက်အမယ်စုံ၊ ဆေးဝါး (ကာကွယ်ဆေးမှလွဲလျှင်) ဝယ်၍ ရနိုင်သည်။ သလပ်ခွာဈေးသို့ သွားရောက်လျှင် ဆိုင်ကယ်ဖြင့် သွားပါက အသွား၊အပြန် (၁၅၀၀) ကျပ် ပေးရသည်။ ဈေးအဆောင်မှာ (၁) ဆောင်သာ ရှိသည်။

သို့ရာတွင် ဒေသထွက် စပါး နှင့် ငါး၊ပုဇွန်ကို ကျေးရွာတွင်းနှင့် ပုသိမ်ဈေးကွက်များတွင်သာ ရောင်းချ ကြသည်။ ပုသိမ်မြို့ဈေးကွက်မှာ ပိုမို၍ ရောင်းချရန်နှင့် ဝယ်ယူရန် အဆင်ပြေ ချောမွေ့ပါသည်။ ဈေးအခြေခံ အဆောက်အဦးမှာ ကောင်းမွန်ပြီး ဈေး (၆)ခု ရှိပါသည်။ လွတ်လပ်စွာ ဝယ်ယူရရှိနိုင်ပြီး လက်လီ၊ လက်ကား ဝယ်ယူနိုင်ပါသည်။ ဒေသထွက်ကုန် (စပါး၊ ငါး၊ ပုဇွန်) တို့ကို ပုသိမ်မြို့ဆန်စက်များ၊ ဒိုင်များသို့ သွင်းကြသည်။ အသွား၊အပြန် ခရီးစရိတ်မှာ လိုင်းကားဖြင့် သွားလျှင် (၁၀၀၀) ကျပ် ပေးရပြီး ဆိုင်ကယ်ဖြင့်သွားလျှင် (၃၀၀၀) ကျပ် ကုန်ကျပါသည်။

## ၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| **ချေးငွေ ရရှိနိုင်သည့် နေရာ** | **ငွေကြေး ဝန်ဆောင်မှု အမျိုးအစား** | **ပြန်လည် ပေးဆပ်ရမည့် ကာလ** | **အတိုးနှုန်း** | **အပေါင်ခံ ပစ္စည်း လိုအပ်မှု** | **ချေးငွေ ရရန် အခက်အခဲများ** |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်) | ချေးငွေ | ၇လ | ၀.၄၂ ကျပ် (လတိုး) | ချုလံစာရွက် | သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း အတိုင်း |
| အစိုးရဘဏ် (သမဝါ ယမ) | စုငွေ၊ချေးငွေ | ၆လ | ၁.၀၅ ရာခိုင်နှုန်း( လတိုး) | အိမ်ထောင်စု စာရင်း(မိတ္တူ )၊မှတ်ပုံတင်( မိတ္တူ) | သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း အတိုင်း |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ အဖွဲ့အလိုက် ငွေစု/ငွေချေး အစီအစဉ် | ချေးငွေ၊စုငွေ | ၂၀ပတ်တစ် ကြိမ်ပြန်ဆပ် ရန်(၁နှစ်လျှင် အကြေဆပ်) | ၂.၅ကျပ်တိုး (လတိုး) | ၅ ဦးတစ်ဖွဲ့ ဖွဲ့စည်းခြင်း | သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း အတိုင်း |
| ငွေချေးပေးသူ | ချေးငွေ | ကန့်သတ်ချက် မရှိ(နှစ်ဦး သဘောတူညီ သည့်အတိုင်း) | ၁၀ ရာခိုင်နှုန်း | မလိုအပ်ပါ | ယုံကြည် သူမှသာချေး |
| အပေါင်ဆိုင် မိတ်ဆွေနှင့် ဆွေမျိုးများ | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ်နှုန်း ထုတ်ချေး ပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၀၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမား များအနေဖြင့် တစ်ဧကလျှင် (၁၀၀,၀၀၀) ကျပ်နှုန်းဖြင့် လုံလောက်ခြင်း မရှိချေ။ တစ်ဧက ကုန်ကျစရိတ်မှာ (၂၀၀,၀၀၀) ကျပ်ခန့် ကုန်ကျ သည်။ ထို့အပြင် စိုက်ပျိုးရေး ချေးငွေကို ပြန်လည် ပေးဆပ် ရန် အချိန်ကျလာပါက စိတ်ကြိုက်ဈေးနှုန်းမရရှိဘဲ ရောင်းချရခြင်း၊ အခြားမှငွေတို့ဖြင့်ယူ၍ ရောင်းချရခြင်းတို့စသည့် အခက်အခဲများ ရှိနေပါသည်။ လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် (အနည်းဆုံး(၃)နှစ်) ထုတ်ချေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်များလည်း ရှိပါသည်။ ထိုအဖွဲ့၏ပုံစံမှာ အဖွဲ့ဝင် ဖြစ်မှသာ ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေး နှင့် ကျပန်း ဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂) မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

ပက်-မြန်မာငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင်အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ (၃) နှစ်ခန့် ရှိပြီ ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးသည့် ရိုးရိုးချေးငွေ ဟူ၍ နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀) ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ ချေးငွေသက်တမ်း ကြာလာသည်နှင့်အမျှ ငွေပမာဏ တိုးမြှင့်၍ ချေးယူနိုင်ပါသည်။

သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည် ပေးဆပ်သည့် ပုံစံမှာ (နှစ်ပတ်လျှင် တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရ လုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။ အစည်းအဝေးတက်ရောက်ရန် အချိန်ပေးရခြင်းကြောင့် လုပ်ငန်းများ အေးချမ်းစွာ လုပ်ကိုင်နိုင်မှု မရှိသဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။

## ၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

### ၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | နိမ့် | လက်ရှိအခြေအနေတွင် မရှိသေးသော်လည်း နောင်တစ်ချိန်တွင် ဓာတုအခြေခံ သွင်းအားစုများ ထည့်သွင်းခြင်းကြောင့် မြေဆီလွှာများ ပျက်ဆီးမှုများ ကြုံတွေ့ရနိုင်ပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | ရှေးယခင်ကအတိုင်း ရှိနေဆဲပင်ဖြစ်ပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | အသင့်အတင့် | စပါးတွင် ဖျက်ပိုးနှင့် ရောဂါကျရောက်မှု ရှိသော်လည်း ထိန်းချုပ်နိုင်နေဆဲ ဖြစ်ပါသည်။ |
| ရေအရင်းအမြစ် | နိမ့် | သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်မှု ရှိပါသည်။ |
| ငါးမျိုးကွဲများ | နိမ့် | ငါးပလာတူး၊ ပုဇွန်၊ ငါးရံ့၊ ငါးခူ၊ ငါးကြင်း၊ ကကတစ်၊ ငါးဘတ် ကဲ့သို့ ငါးမျိုးစုံ ရရှိသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | လတ် | လူနေထူထပ်လာခြင်း နှင့် ကျွဲနွားများ ရှားပါးလာပြီ ဖြစ်ပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် | စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊ သစ်ပင်ရင်း ပုံခြင်း ကဲ့သို့ အလေ့အကျင့်များ ရှိသော်လည်း တစ်ရွာလုံး ပါဝင်ပြီး စနစ်တကျ ပြုလုပ်သည့် စနစ်မရှိသေးပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးမြေများတွင် မြေဆီသြဇာ ကြွယ်ဝမှု ကောင်းမွန်နေသော်လည်း တစ်နှစ်ကို စပါးနှစ်သီး စိုက်ပျိုးခြင်း၊ အထွက်ကောင်းစပါးမျိုးများကို စိုက်ပျိုးလာခြင်းကြောင့် ဓာတုမြေသြဇာ သုံးစွဲမှု မြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ် ရှိပါသည်။ ငါးမျိုးစုံ ရရှိမှုမှာ ယခင်အတိုင်းပင် ရှိနေသေးသော်လည်း ရရှိမှု နည်းပါးလာပါသည်။ လူနေထူထပ်လာမှုကြောင့် သဘာဝသယံဇာတဖြစ်သည့် ငါးအပေါ်တွင် မှီခိုမှု များပြားလာခြင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေအများအပြား မရှိခြင်းတို့ကြောင့် ငါးရှားပါးခြင်းနှင့် ဈေးနှုန်းကြီးမြင့်မှုများ ကြုံတွေ့ရပါသည်။

### ၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

| **အမျိုးအစား** | **အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)** | **ဖော်ပြချက်/ ရှင်းလင်းချက်** | **လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ** |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | နည်း | လေးနှစ် တစ်ကြိမ် ဝါထပ်နှစ်များတွင် ရေကြီးလေ့ ရှိသော်လည်း ၄-၅ ရက်ခန့်သာ ကြာမြင့်သည်။ လမ်းပျက်စီးခြင်းအနည်းငယ်သာရှိသည်။ | မရှိသေးပါ။ |
| မီးဘေး | နည်း | ကြုံတွေ့ရခြင်း မရှိကြပါ။ | ရွာသူရွာသားများ ဝိုင်းဝန်း ကာကွယ်ကြပါသည်။ |
| မုန်တိုင်း | လတ် | ကမ်းရိုးတန်းဒေသဖြစ်၍ မုန်တိုင်းဖြစ်ပေါ်လျှင် ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည်။ | မရှိ |
| လျှင် | နည်း | | |
| မိုးခေါင်ခြင်း | နည်း | | |
| အအေးလှိုင်း | နည်း | | |
| ပင်္လယ်ပက္ခ | နည်း | | |
| တိရစ္ဆာန်ရောဂါ ဖြစ်ပွါးမှု | နည်း | | |
| လူရောဂါဖြစ်ပွါးမှု | နည်း | | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၆ ပညာရေး

### ၂.၆.၁ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

| ပညာတတ်မြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်၊ လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၅ | ၁၂ | ၁၉ | ၄.၁၈ % |
| ဘာသာရေးအခြေပြုပညာရေး | ၁ | ၁ | ၂ | ၀.၄၄ % |
| မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သူဦးရေ | - | - | - | - % |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၈ | ၄၀ | ၇၈ | ၁၇.၁၈ % |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၅ | ၂၂ | ၄၇ | ၁၀.၃၅ % |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁ | ၆ | ၇ | ၁.၅၄ % |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၄ | ၄ | ၇ | ၁.၅၄ % |
| **၉ နှစ် အထက် လူဦးရေပေါင်း** | **၂၁၂** | **၂၄၂** | **၄၅၄** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၆.၂ ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း | ၂၇ | ၂၇ | ၅၄ | ၅၄/၃၁ = ၁၇၄ % |
| အလယ်တန်း | ၁၈ | ၁၅ | ၃၃ | ၃၃ / ၅၂ = ၆၃ % |
| အထက်တန်း | ၈ | ၇ | ၁၅ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၀ | ၄ | ၄ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကြက်တူရွေး အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား (၅၄)ဦး ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေး စနစ်ကြောင့် လုံးဝကျောင်းမနေသူဦးရေ မရှိသည့်အပြင် ဘာသာရေး အခြေပြုကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။ လက်ရှိမူလတန်း တက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်း ပိုနေခြင်းမှာ မူလတန်း တက်ရောက်နေသူ အချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။

မူလတန်းအဆင့် အောင်မြင်သူများမှာ (၂.၄) ကီလိုမီတာ ကွာဝေးသော သလပ်ခွာ အခြေခံပညာ အထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြား ကြပါသည်။ အလယ်တန်း အဆင့် (ကျား - ၁၈ + မ - ၁၅) = ၃၃ ဦး၊ အထက်တန်း အဆင့်တွင် (ကျား - ၈ + မ - ၇) = ၁၅ ဦး၊

စုစုပေါင်း (၄၈) ဦးသည် ကျောင်းဖွင့်ရက်တိုင်း လမ်းလျှောက်သွားကြပါသည်။ ပုသိမ်တက္ကသိုလ်တွင် တက်ရောက် နေသူများမှာ မ (၄) ဦး ဖြစ်ပါသည်။

## ၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

| အကြောင်းအရာ | မူလတန်းကျောင်း | | | အထက်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာအတွင်း | | | ၂.၄ ကီလိုမီတာ (၁.၅ မိုင်) သလပ်ခွာကျေးရွာ | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | | | ရွာမှနေ၍ လမ်းလျှောက် ကျောင်းတက်ရ | | |
| စာသင်ကျောင်းအရွယ်အစား(အလျား၊ အနံ၊အမြင့်) | ၆၀–x ၃၀– x ၁၀– | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်မိုး၊ အုတ်နံရံ၊ ကွန်ကရစ်ခင်း လုံလောက်မှုရှိ | | | | | |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ) | (စာရေးခုံ (ထိုင်+ရေး) - ၂၀ စုံ<br>စားပွဲ- ၅<br>ပလပ်စတစ်ကုလားထိုင်- ၆<br>ဝှိုက်ဘုတ် - ၅ | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | ၅ | ၅ | | | |
| ကျေးရွာခန့် | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၂၀၀၈ ခုနှစ်က ဆောက်လုပ်ခဲ့သော အခြေခံပညာမူလတန်းကျောင်းဆောင်မှာ ၆၀'x ၃၀'x၁၀' ရှိသော တစ်ထပ်အုတ်ကျောင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်မှု ရှိပါသည်။ ကျောင်းသူ၊ ကျောင်းသားများအတွက် သောက်သုံးရေကို ဘုန်းတော်ကြီး ကျောင်းဝင်း အတွင်း (ပေ ၁,၀၀၀ ကျော်ဝေးသော) ရှိ ရေတွင်းမှ ခပ်ယူသုံးစွဲပါသည်။ ကျောင်းတွင် အခန်းများ ခွဲထားခြင်း မရှိပဲ၊ ဟောခန်းပုံစံဖြင့် ထားရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ ဆရာမ (၄) ဦး၊ စုစုပေါင်း (၅) ဦး ရှိပါသည်။ ဆရာ၊ တပည့် အချိုးအားဖြင့် (၁၁) ဖြစ်ပါသည်။ (၃) ခန်းတွဲ အိမ်သာတစ်လုံး၊ (၂) ခန်းတွဲ အိမ်သာတစ်လုံးကလည်း ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါသည်။ ကျောင်းတွင်းတွင် စာရေး စာဖတ်ခုံ (၂၀) စုံ၊ စားပွဲ (၅) လုံး၊ ပလပ်စတစ် ထိုင်ခုံ (၆) လုံး၊ ၈ ပေ - ၄ ပေ ဝှိုက်ဘုတ် (၅) ချပ်၊ ဗီဒို (၂) လုံး ရှိပါသည်။ ပညာရေးဦးစီးဌာနမှ နှစ်စဉ် ထောက်ပံ့ပေးလေ့ရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများ လိုအပ်ချက် မရှိသေးပါ။

## ၂.၆.၄ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၅ ဦး |
| တပည့် - ဆရာအချိုး | ၁၁ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ၅ % |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | ဆွံ့အ နားမကြား တစ်ဦးနှင့် ဝမ်းမထိန်းနိုင်သော ရောဂါ ရှိနေသော မသန်မစွမ်း ကျောင်းသားနှစ်ဦး ရှိသော်လည်း အထူးတလည် အစီအစဉ် မလုပ်ပေးနိုင်ခဲ့ပေ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | အခမဲ့ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ပူးပေါင်းမှု အားကောင်းစွာ၊ တက်ကြွစွာ ပါဝင် တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြ ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အခမဲ့ ပညာရေးစနစ်ကို အကောင်အထည် ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများ အတွက် လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင် (၃) ဦး၊ ကျောင်းသားမိဘများ အားလုံးပါဝင်သော မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက်ကြသောကြောင့် မူလတန်းအဆင့် ပညာရေး အတွက် အခက်အခဲများ မရှိ လုပ်ဆောင်နေနိုင်ပါသည်။

သို့သော်လည်း ကြက်တူရွေး ကျေးရွာမှ (၃) နှစ် အထက် ကလေးများ (၁၈) ယောက်ကို မူလတန်း ကျောင်းတွင်ပင် မူကြိုကလေးများအဖြစ် သင်ကြားပေးနေပါသည်။ တတ်နိုင်ပါက မူကြိုကျောင်း တစ်ဆောင် လိုအပ် နေပြီး ဆရာ၊ ဆရာမ အတွက် ကုန်ကျစရိတ်ကို မိဘများမှ ကျခံပေးနိုင်ပါသည်။ ထို့အပြင် ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ သောက်ရေအတွက် အခက်အခဲ ရှိသောကြောင့် ကျောင်းသား၊ ကျောင်းသူများ အတွက် ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တစ်ကန် တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံး သောက်ရေ ဖူလုံနိုင်ပေမည်။

ကျေးရွာ မူလတန်းကျောင်းပြီးသွားသော ကျောင်းသား၊ ကျောင်းသူများသည် သလပ်ခွာ အခြေခံ ပညာအထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားနေသော်လည်း အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား၊ ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

## ၂.၇ ကျန်းမာရေးနှင့် အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁. ဖျားနာ တုပ်ကွေး | ၂. သွေးလွန်တုပ်ကွေး | ၃. တီဘီ | ၄. ဝမ်းပျက်ဝမ်းလျော |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကြက်တူရွေး ကျေးရွာအတွင်း ဖျားနာတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေး ရောဂါများ အဓိက ဖြစ်ပွားလေ့ရှိပြီး ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလည်း မရှိသေးပါ။ ဆေးခန်းအတွက် လိုအပ်သော မြေနေရာ နှင့် အဆောက်အဦးအကြမ်းအတွက် အလှူရှင် ရှိထားပြီးသော်လည်း မြို့နယ် ကျန်းမာရေးဦးစီးဌာနဖြင့် ချိတ်ဆက်ပြီး ကျန်းမာရေး ဆေးပေးခန်း အတွက် ချိတ်ဆက် တောင်းခံ ရန် နှင့် ကျန်းမာရေး ဝန်ထမ်းများ ရရှိရန် လိုအပ်နေပါ သေးသည်။ မော်တော်ကုန်းကျေးရွာမှ သားဖွားဆရာမမှ တစ်လတစ်ကြိမ် လာရောက် စစ်ဆေးပေးလေ့ရှိပါသည်။

### ၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံး အဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | | | | | |
| တိုက်နယ် ဆေးရုံ | သလပ်ခွာ ကျေးရွာ ၂.၄ ကီလို မီတာ (၁.၅ မိုင်) | ကုတင် ၂ စုံ | ဆရာဝန် - ၁<br>သူနာပြု - ၁<br>သားဖွားဆရာမ - ၁ | ရှိ | |
| ဆေးရုံ | ၁၅.၂ ကီလို (၉.၅ မိုင်) | ရှိ | ဆရာဝန် -<br>သူနာပြု -<br>သားဖွားဆရာမ - | ရှိ | |
| ဆေးဆိုင် | သလပ်ခွာကျေးရွာ ၂.၄ ကီလို (၁.၅ မိုင်) | | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမီမှု<br>ဆေးဝါး....<br>သို့လှောင်ပုံစနစ်<br>အအေးခန်းစနစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက တစ်မိုင်ခွဲဝေးသော သလပ်ခွာကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် အဓိကထား၍ သွားရောက်ပြသပါသည်။ တိုက်နယ်ဆေးရုံတွင် ဆရာဝန် (၁) ဦး၊ ထမိန်အပြာနာ့စ် (၁) ဦး၊ သားဖွားဆရာမ (၁) ဦး ရှိပါသည်။ ကျေးရွာတွင် သားဖွားဆရာမ သင်တန်းတက်နေသူ တစ်ဦး ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များ နှင့် သလပ်ခွာကျေးရွာတွင် ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေး အတွက်ကား ပုသိမ်မြို့ပေါ်ရှိ ဆေးဆိုင်တွင် ရနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ ပုသိမ်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။

ကျေးရွာအတွက် ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတစ်ခု ထားရှိရန်နှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦး ရှိခြင်းဖြင့် အုပ်စု အတွင်းမှ ကျေးရွာများ အတွက်ပါ ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိလာပါမည်။ ထို့အပြင် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ ကျန်းမာရေး အသိများ တိုးတက်လာမည်ဟု သုံးသပ်ဆွေးနွေးကြပါသည်။

## ၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု နွေ | မိုး | ဆောင်း | အခြား |
|---|---|---|---|---|---|---|
| ရေတွင်း | ၁ | ၁ - ကောင်း | မရှိ | ရှိ | ရှိ | |
| အဝီစိတွင်း | | | | | | |
| တုံကင် | ၅ | ၅-ကောင်း | ရှိ | ရှိ | ရှိ | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းတွင် အုတ်ကာရံထားသော သောက်ရေတွင်း (၁) တွင်းသာ ရှိပါသည်။ လက်နှိပ် တုံကင် (၅) တွင်း ရှိသော်လည်း သောက်ရေအတွက် လုံလောက်မှု မရှိပေ။ ကျေးရွာအတွက် လိုအပ်သော သောက်ရေကို တစ်မိုင်ဝေးသော အုပ်စုရွာ ဝန်သေကျေးရွာတွင် သွားရောက်ခပ်ယူရပါသည်။ ကျေးရွာသောက်ရေ လိုအပ်ချက်ကို ဖြည့်ဆီးရန်အတွက် (၄) လက်မ စက်ရေတွင်း တစ်တွင်းနှင့် အုတ်ရေကန်တစ်ကန် လိုအပ်နေပါသည်။

### ၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၉၈ | ယင်လုံအိမ်သာ အဆင့်မှီ |
| ကျင်းအိမ်သာ | ၁၀ | |
| တောထိုင် | ၁၂ | အိမ်သာဆောက်လုပ်ရန် ကျင်းပြို၊ ကျောက်ခွေချ ရန်လိုအပ် သဖြင့် ငွေကြေး အခက်အခဲရှိ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၆၁) အိမ် ရှိပြီး ကျန်အိမ်ထောင်စု (၆၀) မှာ ယင်လုံ အိမ်သာ ဆောက်လုပ်ရာတွင် မြေပြိုခြင်း၊ ကမ်းပြိုခြင်းကြောင့် ကွန်ကရစ်ခွေချမှသာ ဆောက်လုပ် နိုင်မည် ဖြစ်သဖြင့် ကုန်ကျစရိတ် များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြပဲ အခြား အိမ်သာများတွင် သွားတက်ခြင်း နှင့် တောထိုင်ခြင်းများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန် နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ် ဆွေးနွေး ကြပါသည်။

## ၂.၈ လမ်းတံတား အခြေအနေ

### ၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း/ ဆိုး | တည်ဆောက်ခဲ့သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | | | သုံး | ၁/ကုန်းပေါ်လမ်း- ၀.၆၁ ကီလို<br>၂/အပေါ်လမ်း-၀.၇၆ ကီလို |
| ချဉ်းကပ်လမ်း | ၁ | ဆိုး | | | သုံး | သလပ်ခွာ-စစ်ကဲကုန်း-ကြက်တူရွေး ကျေးလက်လမ်း ၂.၄ ကီလို |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

(၁.၅) မိုင်ရှည်သော သလပ်ချာ-စစ်ကဲကုန်း-ကြက်တူရွေး ကျေးလက်လမ်းကို ၁၉၈၅ ခုနှစ်တွင် စတင် ဖေါက်လုပ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ပုသိမ်စည်ပင် မှ သိန်း(၂၀)နှင့် ငွေဆောင် စည်ပင်မှ (၅) သိန်း စုစုပေါင်း (၂၅) သိန်းမတည်၍ ကျေးရွာလမ်းကို (၃) ပေ အကျယ်ထု (၆) လက်မနှစ်လမ်းသွားကွန်ကရစ် လမ်းခင်းခဲ့ပါသည်။ စုစုပေါင်း(၅၆)သိန်းကုန်ကျ၍ ကျန်ငွေများကို ကျေးရွာအုပ်စုမှ ကောက်ခံ၍လည်းကောင်း၊ အလှူရှင်များထံမှ လည်းကောင်း စုပေါင်း၍ ကျခံခဲ့ပါသည်။ လမ်း အရှည် မှာ တစ်ဖက်မှာ ပေ (၂၀၀၀) နှင့် ကျန် တစ်ဖက်မှာ ပေ (၁၀၀၀) ခန့်ရှိပါသည်။

| လမ်းတံတားအမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | | | | | |
| တံတား | ၁၂၀' x ၁၂' | ကောင်း | ၂၀၁၅ | | သုံး |
| ကွန်ကရစ်တံတား | | | | | |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပံ့ပိုးငွေ (၂၅၀) သိန်း၊ အုပ်စုမှ ကောက်ခံရရှိငွေ (၈၀) သိန်း၊ ဘာသာရေးအဖွဲ့ တစ်ဖွဲ့မှ (၃၅) သိန်း နှင့် အလှူရှင် တစ်ဦးမှ ဘိလပ်မြေ (၃၀၀) အိတ် ဖြင့် ကျေးရွာအဝင် (၁၂၀) ပေရှည် သံကူကွန်ကရစ်ချောင်းကူးတံတား ၂၀၁၅ ခုနှစ်အတွင်း တည်ဆောက်နိုင်ခဲ့ပါသည်။

## ၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | | စက်လှေ | တစ်နှစ်ပါတ်လုံး | တစ်နှစ်ပါတ်လုံး |
| ပင်လယ်ရေကြောင်း | | | | |

၁ " လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၃ | ၂၁ | ၃၂ | ၂၉ | ၀ | ၀ | ၀ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကြက်တူရွေး ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်း နှင့် ကားလမ်း နှစ်ခုစလုံးကို တစ်နှစ် ပတ်လုံး အသုံးပြုနိုင် ပါသည်။ အသုံးပြုသော ယာဉ်များမှာ စက်လှေ (၃) စီး၊ လှေ (၂၁) စီး၊ စက်ဘီး (၃၂) စီး နှင့် မော်တော်ဆိုင်ကယ် (၂၉) စီး ရှိပါသည်။

## ၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၂၇ | သင့် | မိုးရာသီတွင်နေရောင်ခြည် ရရှိမှုနည်းသဖြင့်အခက်အခဲ ရှိ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | ၁၄ | | |
| လေစွမ်းအင် | | | |
| (အခြား) | ၇၉ | သင့် | ကုန်ကျစရိတ်များ၊ မီးဘေး အန္တရာယ်ရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာ မီးအလင်းရောင်အတွက် ဖယောင်းတိုင်နှင့် မီးခွက်ကိုသာ သုံးစွဲနေရပြီး၊ ဆိုလာမီး အလင်းကို အိမ်ခြေ (၂၇) အိမ်သာလျှင် မိမိ အစီအစဉ်ဖြင့်သာ ဝယ်ယူသုံးစွဲနေပါသည်။ ပုသိမ်-ငါးပြေမ လျှပ်စစ် ဓာတ်အားလိုင်း တပ်ဆင်နေသော ကာလဖြစ်သောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာနိုင်သေးပါသည်။ ကျေးရွာလူထုမှ ဆိုလာမီးလင်းရေးသာ စိတ်ဝင်စားကြပါသည်။

## ၂.၁၀ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာ နှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေ အတွက် | ၅၆ | ၄၄ | ၄၁ | ၀ | ၀ | ၀ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် Telenor, ဖုန်းလိုင်းအများဆုံး ဆက်သွယ်နိုင်ပါသည်။ Ooredoo, MPT ဖုန်းလိုင်းများ ဆက်သွယ်ရေးမကောင်းလှပါ။ ကျေးရွာစာကြည့်တိုက်ရှိသော်လည်း စာဖတ်လေ့လာခြင်း အလွန်အားနည်းလှပါသည်။

## ၂.၁၁ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ | |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| အားကစားပစ္စည်းများအားလက်လှမ်းမီမှု | မရှိ | ကျေးရွာ အားကစားကွင်းမရှိပါ၊ |

| လုပ်ငန်းအမည် | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမီမှု | ရှိ | အင်တာနက်သုံးစွဲသူ လူငယ်များ များပြားလာပြီး၊ စာကြည့်တိုက်၌ စာပေ လေ့လာသော ဓလေ့ နည်းပါးလာပါသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး တို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ယခင်က ဝတ်ရွတ်အဖွဲ့ရှိခဲ့သော်လည်း ယခု မရှိတော့ပါ။ ကျေးရွာ၌ ကိုယ်ထူကိုယ်ထ တည်ထောင်ထားသော စာကြည့်တိုက် ရှိသော်လည်း တစ်ခါတစ်ရံ၌သာ စာကြည့်မည့်သူရှိပါသည်။ လူငယ်အဖွဲ့ စနစ်တကျ ဖွဲ့စည်းရေး နှင့် စွမ်းရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

## ၂.၁၂ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | မရှိ | ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိ | ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည် |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲ ရေး ကော်မတီ၊ |
| ရဲစခန်းများအား လက်လှမ်းမီမှု | မရှိ | သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင် စီမံပေးခြင်း မရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ TV တို့မှ သိရှိ ရပါသည်။ သလပ်ခွာ တိုက်နယ်ကျေးရွာ တွင် ရဲစခန်းတည်ရှိပါသည်။

### ၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | ၂ (မရှိ) | ၂ (မရှိ) | မရှိ | ၂ (မရှိ) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၈-၂၉ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

Note: ၁။ စိုးရိမ် ၂။ သာမာန်

တစ်ခါတစ်ရံ မိသားစုချင်း ပြဿနာအနည်းငယ်သာ ရှိတတ်ပါသည်။ မှုခင်းဖြစ်ပွားမှု ကြီးကြီး မားမား မရှိလှပါ။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **လူသား အရင်းအမြစ်**<br>• အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။<br>• လူကြီး၊လူငယ်များ စုပေါင်း လက်တွဲ ဆောင်ရွက်လေ့ရှိခြင်း။ | • ကြက်တူရွေးကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်းမှာ ကျား (၁၈၁) ဦးနှင့် မ (၁၉၉) ဦး၊ စုစုပေါင်း ၃၈၀ ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၇၂) % ရှိပါသည်။ လက်ရှိ လူငယ်လူရွယ်အားလုံးသည် အနည်းဆုံး မူလတန်းအဆင့် ပညာ တတ်မြောက်မှုရှိကြသည့်အပြင် အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ (၁၅) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၄) ဦး၊ တက္ကသိုလ် ဘွဲ့ရ (၈) ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေ များပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။<br>• ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။ |
| **သီးနှံ ထုတ်လုပ်ရေး**<br>• စပါးထုတ်လုပ်ရေးမှ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း<br>• မိုးစပါး၊ နွေစပါး နှစ်သီးစိုက်ပျိုး ထုတ်လုပ်နိုင်ခြင်း | • ကြက်တူရွေးကျေးရွာတွင် မိုးစပါး၊ နွေစပါး နှစ်သီးစိုက်ပျိုး ထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် စပါးဈေးနှုန်း မကောင်း၍ မိမိလုပ်အားခပြန်ရရုံ ထုတ်လုပ်မှုအဆင့်သာ ဖြစ်သော်လည်း လယ်သမားမိသားစုများနှင့်ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ စပါးအခြေခံ ရောင်းဝယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်များတွင် ရောင်းဝယ်ဖောက်ကားသူ စသည်ဖြင့် စပါးထုတ်လုပ်မှု တစ်ခုမှ ကျေးရွာသူ ကျေးရွာသားများ အတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့် ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• မွေးမြူရေး ထုတ်ကုန်ဈေးကွက် ရှိခြင်း | • တိုင်းဒေသကြီးမြို့တော်ဖြစ်သည့် ပုသိမ်မြို့နှင့် (၉.၅) မိုင်ခန့်သာ ကွာဝေးသည်ဖြစ်၍ ကျေးရွာရှိ ရေလုပ်ငန်း လုပ်ကိုင်သော မိသားစုများအတွက် ဖမ်းဆီးရရှိသော ငါး၊ ပုဇွန်များကို ဈေးကွက်သို့ အမြန်ဆုံး တင်ပို့နိုင်ခြင်း၊ ငါးအမျိုးအစားအလိုက် ဈေးကွက်ကို အလွယ်တကူ ရှာဖွေနိုင်ခြင်း စသည်ဖြင့် မြို့ပေါ်ရှိ ရေထွက်ပစ္စည်း ဈေးကွက် နှင့် ချိတ်ဆက်၍ ဈေးကွက် လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည့် အခွင့်အလမ်းရှိနေပါသည်။ |
| **စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**<br>• ကုန်ကြမ်းများ ပေါများခြင်း | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ အနေဖြင့် ပုသိမ်ဈေးကွက်ကို အမှီပြု၍ လက်မှု အထည်ပစ္စည်းများ တင်ပို့ရောင်းချခြင်း၊ စပါးစိုက်ပျိုးသော ကျေးရွာဖြစ်သော |

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
| --- | --- |
| | ကြောင့် ဆန်ဖြင့် ထုတ်လုပ်သောမုန့် စသည်ဖြင့် ကျေးရွာ ထုတ်ကုန်တစ်ခုအား အစုအဖွဲ့ဖြင့် ဖြစ်စေ၊ မိသားစု အလိုက် တစ်ပိုင်တစ်နိုင်ဖြစ်စေ ထုတ်လုပ်ပြီး အနီးဆုံး ပုသိမ်ဈေးကွက်အား တင်ပို့ ရောင်းချနိုင်မည့် အခွင့်အလမ်း ဖြစ်ပါသည်။ |
| **ချေးငွေ ဝန်ဆောင်မှု**<br>• သင့်တော်သော ရင်းနှီးငွေ ချေးယူရနိုင်ခြင်း | • စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ သမဝါယမချေးငွေ နှင့် ပက်-မြန်မာမှ ချေးငွေ စသည်ဖြင့် ချေးငွေများကို လက်လှမ်းမီသည့်အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။ |
| **ပညာရေး**<br>• မူလတန်းကျောင်းမှာ ကောင်းမွန်ခြင်း<br>• အလယ်တန်း နှင့် အထက်တန်းပညာ အတွက် အလှမ်းမဝေးခြင်း | • ကြက်တူရွေးကျေးရွာရှိ မူလတန်းကျောင်းမှာ ကျောင်းသား/သူများအတွက် သင့်တော် လုံလောက်မှု ရှိသည့် အပြင် မိဘဆရာအသင်းသည်စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကိုပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် ကောင်းမွန်သော အလားအလာများ ဖြစ်ပါသည်။ ၎င်းအပြင် အလယ်တန်း နှင့် အထက်တန်းပညာများ သင်ယူမည့် အထက်တန်းကျောင်းနှင့် အကွာအဝေးမှာ (၁.၅) မိုင်သာရှိ၍ နေ့ချင်းပြန်ကျောင်းတက်နိုင်သည်ဖြစ်ရာ ကုန်ကျစရိတ် နည်းပါးစွာဖြင့် ပညာတတ် လူငယ်လူရွယ်များ ထွက်ပေါ် လာနိုင်မည် ဖြစ်ပါသည်။ |
| **ကျန်းမာရေး**<br>• တိုက်နယ်ဆေးရုံနှင့် (၁.၅) မိုင်သာ ကွာဝေးခြင်း | • ကြက်တူရွေးကျေးရွာတွင် အရံသားဖွားသင်တန်း တက်ရောက်နေသူ (၁) ဦး ရှိသဖြင့် မကြာမီ မီးဖွားသည့် အလုပ်များတွင် ကူညီမှု ပေးနိုင်လာမည်ဖြစ်သည့်အပြင် တိုက်နယ်ဆေးရုံနှင့် (၁.၅) မိုင်သာ ကွာဝေး သောကြောင့် ကျန်းမာရေး စောင့်ရှောက်မှု များအား လွယ်ကူစွာ ရယူနိုင်သည့် ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• လူငယ်များ သည် လူငယ် အသင်း အဖွဲ့ အနေဖြင့် လူကြီးများ၏ ဦးဆောင်မှုအောက်တွင် လုပ်ကိုင်ဆောင်ရွက်တတ်ခြင်း။<br>• မိသားစုကျေးရွာဖြစ်၍ မှုခင်း ကြီးကြီး မားမားမရှိခြင်း။ | • ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။ |

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး**<br>• အဖွဲ့အစည်းဆိုင်ရာ သဘောတရားများကို နားလည်မှု အားနည်းခြင်း။<br>• စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များနှင့်အလှမ်းဝေးခြင်း။ | • ကြက်တူရွေးကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။ ထို့အပြင် မိမိတို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အချိန်ယူ လေ့ကျင့် လုပ်ဆောင်ရမည့်အပြင် ကျေးရွာလူထု အနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များ နှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ် ဖြစ် သည်။ |
| **သီးနှံ ထုတ်လုပ်ရေး**<br>• ငှားရမ်း အသုံးပြု လိုသော် လည်း လယ်ကွက်များသေးငယ်ခြင်း၊ ရိုးချောင်းများ ပေါ်များခြင်းကြောင့် ရိတ်သိမ်း ခြွေလှေ့စက်များ အသုံးပြုရန် ခက်ခဲခြင်း၊<br>• သွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှု မရှိနိုင်ခြင်း၊<br>• တောင်သူအားလုံး စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အထများ မရှိခြင်း | • ကြက်တူရွေးကျေးရွာတွင် စပါးခင်းများအချိန်မီ ရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်း ခြွေလှေ့စက်များ ငှားရမ်း အသုံးပြုလိုသော်လည်း လယ်ကွက်များ၏ အကွက် အကျယ်အဝန်းမှာ ကျဉ်းမြောင်းခြင်း၊ ရိုးချောင်းများ ပေါ်များ၍ စက်ရွှေ့ရာတွင် အချိန် ကြန့်ကြာမှုရှိခြင်း စသည်တို့ကြောင့် မိမိတို့ကျေးရွာနှင့် သင့်တော် မည့် စက်အားငှားရမ်းရန် ခက်ခဲနိုင်ပါသည်။<br>• စပါးအထွက်တိုးနည်းပညာများကို နည်းပညာ ဝန်ဆောင်မှု အဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သော သွင်းအားစုများကို အချိန်မီ ထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်းပညာများ၏ ရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ် ဖြစ်ထွန်းလာရန် များစွာအချိန်ယူရအုံးမည်ဖြစ်ပါသည်။<br>• ၎င်းအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အချို့သော လုပ်ငန်းများ(ဥပမာ-ရေသွယ်ယူခြင်း၊ မြောင်းဖော်ခြင်း၊ ပိုးမွှား ရောဂါအား စုပေါင်းကာကွယ်ခြင်း)တို့တွင် တောင်သူ တစ်ဦးတည်း ဖြေရှင်း၍ မရနိုင်ပဲ စုပေါင်းလုပ်ကိုင်ကြရသည် ဖြစ်ရာ ၎င်း အခက်အခဲများနှင့် ကြုံတွေ့လာတိုင်း ရင်ဆိုင် ဖြေရှင်းရန်အတွက် တောင်သူအားလုံး စုပေါင်းပါဝင်ဖို့ စည်းစည်းရုံးရုံး ဆောင်ရွက်တတ်သည့် အလေ့အထများ မရှိသဖြင့် အခက်အခဲများ ကြုံတွေ့ရဦးမည်ဖြစ်ပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• ဈေးကွက် အခြေခံသဘောတရားများနှင့် ဈေးကွက် ကွင်းဆက်များအား နားလည် သဘောပေါက်မှု အားနည်းခြင်း | • ရေလုပ်ငန်း လုပ်ကိုင်သူ မိသားစုများအဖို့ ငါး၊ ပုဇွန် အခြေခံ ထုပ်ပိုး ရောင်းချခြင်း လုပ်ငန်းကို ဈေးကွက် လိုအပ်ချက်များ အရ မိမိတို့ဖမ်းယူရရှိသော ငါး၊ ပုဇွန်များအတွက် အကျိုးအမြတ် ထိထိမိမိရရှိနိုင်စေရန် လိုအပ်သော ဈေးကွက် အခြေခံ သဘောတရားများနှင့် ဈေးကွက် ကွင်းဆက်များအား နားလည် သဘောပေါက်သည့် အခြေအနေသို့ ရောက်ရှိမှသာ စီးပွားဖြစ်ထွန်းနိုင်လာမည်ဖြစ်ရာ အချိန်များစွာ ယူရဦးမည်ဖြစ်ပါသည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **စိုက်ပျိုး မွေးမြူရေး မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်း များ**<br>• အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊<br>• ရင်းနှီးငွေမရှိခြင်း။ | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာ ကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန် အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေ ရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။ |
| **ချေးငွေ ဝန်ဆောင်မှု**<br>• ချေးငွေကာလတိုတောင်းခြင်း<br>• ချေးငွေပမာဏ မလုံလောက်ခြင်း | • ကြက်တူရွေးကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များ၊ ပက်-မြန်မာ စသည်တို့မှ ချေးငွေများ ရရှိသော်လည်း တင်းကျပ်သော ချေးငွေစည်းမျဉ်း စည်းကမ်းများနှင့် ချေးငွေကာလ တိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ် ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲ ဖြစ်သည်။ |
| **လမ်း၊ တံတား**<br>• လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေး အတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ | • လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေး အတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ နှင့် ကျေးလက် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော လက်ရှိ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများမှလည်း တပြိုင်နက် ဆောင်ရွက်နိုင်ရန်နှင့် ၎င်းဌာနများတွင်လည်း ရရှိသည့် ခွင့်ပြုရန်ပုံငွေ ပမာဏများအပေါ်မူတည်နိုင်သဖြင့် ဦးစားပေး ဆောင်ရွက်မည့် ကျေးရွာစာရင်းတွင် ပါဝင်နိုင်ရန် အခွင့်အလမ်းနည်းပါးလွန်းပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• ခေါင်းဆောင်မှု အပိုင်းတွင် လူငယ်များမှာ နောက်ကျန်နေခြင်း<br>• သတင်းအချက်အလက် ရရှိမှု အခွင့်အလမ်းနည်းပါးခြင်း | • ကျေးရွာ၏ ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင် တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ လူငယ်များအနေနှင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှု စွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။ |

## ကြက်တူရွေးကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - အဖွဲ့အစည်း** | | | | | | |
| ၁။ | • အဖွဲ့အစည်းများ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် အားနည်းခြင်း | • အဖွဲ့အစည်းဆိုင်ရာ သဘောတရားများကို နားလည် သိရှိမှု အားနည်းခြင်း<br>• စိတ်ပါဝင်စားမှု မရှိခြင်း<br>• တိကျသည့် ဦးဆောင်မှု မရခြင်း | • ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ဌာနများထံ အဖွဲ့အစည်း ဖွံ့ဖြိုးရေးအကူအညီများ ဆက်သွယ် တောင်းခံနိုင်ခြင်း | • အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း<br>• ကျေးရွာလူထုသည် အစိုးရဌာနများနှင့် ဆက် သွယ်ဆောင်ရွက်သည့် အတွေ့အကြုံ နည်းပါးခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်ရေး<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီ များ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှုနှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း |
| **ကဏ္ဍ - စိုက်ပျိုးရေး** | | | | | | |
| ၂။ | • ပိုးမွှားရောဂါ ကျရောက်ခြင်း<br>• ဈေးကွက်နှင့် ကိုက်ညီသော အရည်အသွေး ကောင်းစပါးမျိုး များ ထုတ်လုပ်မှု မရှိခြင်း | • စိုက်ပျိုးနည်းပညာများ၊ ရောဂါ ကာကွယ်နည်းစနစ်များ မသိရှိခြင်း<br>• စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်သည့် နည်းလမ်း များကို သိရှိသူ နည်းနေခြင်း | • စပါးကို နှစ်သီးစိုက်ပျိုး ထုတ်လုပ်နိုင်ခြင်း<br>• နွေစပါးအတွက် စိုက် ပျိုးရေအလုံအလောက်ရရှိခြင်း<br>• နွားချေးမြေဩဇာကို လယ်မြေများထဲသို့ ထည့်သွင်းခြင်း၊ ကောက်ရိုးဆွေးများ | • ငွေကြေးအရင်းအနှီး လက်လှမ်းမီမှုအားနည်း (ဈေးငွေမှာ မလုံလောက်ခြင်း)<br>• သွင်းအားစု တတ်နိုင်မှု အားနည်းခြင်း(မျိုးကောင်းမျိုးသန့်ရွေးချယ်၍ | • နည်းပညာဝန်ဆောင်မှုများ တိုးတက်အောင်ဆောင်ရွက်ခြင်း<br>• ဈေးကွက် လိုအပ်ချက်များကို ဆန်းစစ်ခြင်း<br>• ဈေးကွက်မှ တောင်းဆိုချက် အတိုင်း ထုတ်လုပ်ရန် ပြင်ဆင်ခြင်း | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး<br>• စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်<br>• ဈေးကွက်နှင့် သတင်းချိတ်ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | • သမားရိုးကျ နည်းလမ်းများ ကိုသာ လုပ်ဆောင်နေပြီး ဈေးကွက်မှ လိုအပ်ချက်များကို သိရှိရန် နားမလည်ခြင်း (သို့) အားထုတ်မှု မရှိခြင်း | ထည့်သွင်းခြင်း စသည့် ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိဘဲ မြေဆီသြဇာ ပိုမိုကောင်းမွန်စေသော သဘာဝ မြေသြဇာများကို အသုံးပြုနေကြဆဲ ဖြစ်ခြင်း | မစိုက်ပျိုးနိုင်ခြင်း၊ မြေသြဇာ အလုံအလောက်မထည့်နိုင်ခြင်း၊စိုက်ပျိုးစရိတ် မတတ်နိုင်ခြင်း)<br>• နည်းပညာအကူအညီ နှင့် နည်းလမ်းများ လက်လှမ်းမီမှု အားနည်းခြင်း | • စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း နည်းလမ်းများကို စနစ်တကျ လုပ်ဆောင်ခြင်း<br>• အရည်အသွေးကောင်း ထုတ်ကုန်များ ထုတ်လုပ်ခြင်း | • မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှားနှင့် ရောဂါ)<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့် ထုတ်ကုန်ဈေးကွက်သို့ တက်လှမ်းခြင်း။ |
| ၃။ | • စပါးရိတ်သိမ်းချိန်ကာလကြာမြင့်မှုကြောင့် ဆုံးရှုံးမှုများခြင်း | • စက်များ အစားထိုး မသုံးစွဲနိုင်ခြင်း<br>• အရင်းအနှီး မတတ်နိုင်ခြင်း | • ရိတ်သိမ်းခြွေလှေ့စက် ငှားရမ်းသည့် လုပ်ငန်းရှင်များက ၎င်းတို့စက် ငှားမည့် ကျေးရွာများအား လေ့လာနေခြင်း။ | • လယ်ကွင်းများတွင် ရိုးချောင်းများ များစွာ ရှိနေခြင်း။ | • ရိတ်သိမ်းခြွေလှေ့စက်များငှားရမ်းနိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင် များ နှင့် ဆွေးနွေးခြင်း | • ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းနိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - မွေးမြူရေးနှင့် ရေလုပ်ငန်း** | | | | | | |
| ၄။ | • ငါး၊ပုဇွန်များရောင်းချ ရာတွင် ဈေးနှုန်းနည်းပါးခြင်း။ | • ကျေးရွာတွင်း၌ပင်ရောင်းချကြခြင်း။<br>• ကုန်ကြမ်းအဖြစ်သာ ရောင်းချကြခြင်း။<br>• အသေးစားငါးဖမ်းလုပ်ငန်းများ ဖြစ်သော်လည်း အကျိုးအမြတ်ဖြစ်နိုင်မည့် ဈေးကွက်ကို ကြံဆရှာဖွေတတ်သည့်ဗဟုသုတ | • ပုသိမ် ဈေးကွက်သို့ အမြန်ဆုံးတင်ပို့နိုင်ခြင်း<br>• ပတ်ဝန်းကျင် ကျေးရွာများသို့လည်း ဖြန့်ဖြူးရောင်းချနိုင်သဖြင့် စိတ်ဝင်စားလာနိုင်ခြင်း<br>• အအေးခံစနစ်နှင့် ထုပ်ပိုးမှုစနစ်များအတွက်ပစ္စည်းများ ဝယ်ယူရန်လွယ်ကူလာခြင်း | • ဈေးကွက်ကွင်းဆက်သဘောတရားများကို နားလည်ရန် အစဦးပိုင်းတွင် ခက်ခဲခြင်း။<br>• ထုတ်လုပ်စဉ် ကာလ၌ စားဝတ်နေရေး ခက်ခဲနိုင်၍ ကုန်ချောအဖြစ်သို့မရောက်နိုင်ခြင်း။ | • ဈေးကွက်သဘောတရား သင်တန်းပေးနိုင်မည့်အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ခြင်း။<br>• ချေးငွေဝန်ဆောင်မှုအဖွဲ့များ နှင့်ဆက်သွယ်၍ရင်းနှီးစရိတ်များ ချေးယူခြင်း။ | ၃။ ငါးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး<br>• ငါးအခြေခံ ကုန်ချောများ ရောင်းချနိုင်ရန်ဈေးကွက်သဘောတရား နားလည်မှု စွမ်းရည်မြှင့်တင်ရေး။<br>• ကုန်ချောထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်အား နားလည်မှု စွမ်းရည် မြှင့်တင်ရေး။ |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | အားနည်းခြင်းနှင့် စုပေါင်းဆောင် ရွက်တတ်သည့် အလေ့အကျင့်များ မရှိခြင်း။ | • ဖမ်းယူရရှိသော ငါးအမျိုးအစားအလိုက်ဈေးကွက်ကိုအလွယ်တကူ ရှာဖွေနိုင်ခြင်း | | | |
| **ကဏ္ဍ - စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအခြား ဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၅။ | • အလုပ်အကိုင် အခွင့်အလမ်း နည်းခြင်း | • လုပ်ငန်းရှင်၊ကုမ္ပဏီပိုင်ရှင်များတွင်သာ အလုပ်အကိုင်ရရှိရန် မူတည်နေရခြင်း<br>• လုပ်ငန်းရေရှည်တည်တံ့ရန်နည်းစနစ်များ မသိခြင်း<br>• ဈေးကွက်ဆိုင်ရာနည်းပညာ ကို မသိရှိခြင်း<br>• အသက်မွေးဝမ်းကြောင်း ပညာများ တတ်မြောက်မှု နည်းခြင်း<br>• ပြင်ပ ဗဟုသုတ မရှာနိုင်ခြင်း | • ပုသိမ်မြို့နှင့်(၁၀) မိုင်ခန့်သာကွာဝေးခြင်း<br>• သလပ်ခွာ (ဒုတိယဈေးကွက်နှင့်(၂) မိုင်ခန့်သာ ကွာဝေးခြင်း)<br>• ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန်စိတ်အား ထက်သန်ခြင်း<br>• နည်းပညာများလိုအပ်ခြင်း နှင့် သင်ယူလိုစိတ်ရှိခြင်း | • လုပ်ငန်းသစ် တစ်ခု လုပ်ကိုင်ရန် ယုံကြည်မှု မရှိခြင်း<br>• မိရိုးဖလာ ကောက်စိုက်၊ ကောက်ရိတ် လုပ်ငန်းမှ လွဲ၍ ပြင်ပ ဗဟုသုတ မရှိခြင်း<br>• ဈေးကွက် လိုအပ်ချက်များကို နားမလည်ခြင်း (သို့) လေ့လာမှု အားနည်းခြင်း | • Business Develop -ment သင်တန်းများ ပေးရန်<br>• ဈေးကွက်ဆိုင်ရာ နည်းပညာသင်တန်းများ ပေးခြင်း<br>• အသက်မွေးဝမ်းကြောင်းသင်တန်းများပေးခြင်း | ၄။ အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး<br>• Business Development သင်တန်းများနှင့် ဈေးကွက်ဆိုင်ရာ နည်းပညာသင်တန်းများ ပေးခြင်း<br>• ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း ပညာများပေးခြင်း (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ဆိုင်ကယ်ပြင်)<br>• ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၆။ | • စိုက်ပျိုးရေး သွင်းအားစုများ အတွက် ရင်းနှီးငွေ နှင့် ချေးငွေ | • အရင်းအနှီး မတတ်နိုင်ခြင်း<br>• ချေးငွေပမာဏ နည်းပါးခြင်း | • မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ၊ သမဝါ ယမ မှ စိုက်ပျိုးရေး ချေးငွေ ၊ | • ချေးငွေကို အကန့် အသတ်ဖြင့်သာ ထုတ် ပေးသည့် စနစ်ကို လက်ရှိတွင် ကျင့်သုံး နေခြင်း။ | | |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | မလုံလောက်ခြင်း | • ချေးငွေကာလ တိုတောင်းခြင်း | ပက်မြန်မာ မှချေးငွေ တို့ကို လက်လှမ်းမီခြင်း<br>• လက်ရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် အပြင် သွင်းအားစုများ (ဓာတ်မြေဩဇာ)အတွက် ချထားပေးသည့် ကုမ္ပဏီ ရှိခြင်း။ | • ကုမ္ပဏီများမှ ထုတ်ပေးသော သွင်းအားစု အတွက် အတိုးနှုန်း များပြားခြင်း | | |
| ၇။ | • မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ရန် ရင်းနှီး မတည်ငွေမရှိခြင်း | • အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့်အဖွဲ့မရှိခြင်း | • လယ်စိုက်ပျိုးရေးမှ တိရိစ္ဆာန်အစားအစာ အလွယ်တကူရရှိနိုင်ခြင်း။<br>• ဝက်မွေးမြူရန် စိတ်ဝင်စားသောမိသားစုများ ရှိခြင်း။ | • စီးပွားဖြစ်မွေးမြူရန် ချေးငွေကို လက်လှမ်းမီမှု မရှိခြင်း<br>• ကာလရှည်ချေးငွေ အကူအညီပေးရေးအဖွဲ့များ ဒေသတွင်း လုပ်ငန်း အကောင်အထည် မဖော်သေးခြင်း။ | • ချေးငွေဝန်ဆောင်မှုအဖွဲ့များ နှင့်ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း<br>• လုပ်ငန်းအပေါ် မူတည်၍ ချေးငွေပြန်လည် ပေးဆပ်မှု ပုံစံနှင့် ငွေပမာဏ သတ်မှတ်သော လုံလောက်သည့် ချေးငွေ ရရှိနိုင်မည့် အရင်းအမြစ်များ နှင့် ချိတ်ဆက်ခြင်း | ၅။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။<br>• ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း |
| ၈။ | • ရေလုပ်ငန်းသုံး ကိရိယာများမပြည့်စုံခြင်း | • လုပ်ငန်းသုံး ကိရိယာများ ဝယ်ယူရန်ရင်းနှီး မတည်ငွေမရှိခြင်း | • ရေသယံဇာတ ငါးများ ဖမ်းယူ ရရှိနိုင်ခြင်း။<br>• ရေလုပ်ငန်းဖြင့် အသက်မွေးသော မိသားစုများ ရှိခြင်း။ | • ငါးဖမ်းရာသီ အကန့်အသတ်ရှိခြင်း။<br>• ကာလရှည်ချေးငွေအကူအညီပေးရေးအဖွဲ့များ ဒေသတွင်း လုပ်ငန်းအကောင်အထည်မဖော် သေးခြင်း။ | | |
| ၉။ | • ဝင်ငွေတိုးလုပ်ငန်း များအတွက်အရင်း အနှီးမတတ်နိုင်ခြင်း | • လုံလောက်သော ရင်းနှီးငွေ မရရှိခြင်း | • ဝင်ငွေရလုပ်ငန်း များ လုပ်ကိုင်ရန်စိတ်အား ထက်သန်ခြင်း | • အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ယူရန် အခွင့်အလမ်း နည်းခြင်း | | |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ပညာရေး** | | | | | | |
| ၁၀ | • မူကြိုကျောင်းမရှိခြင်း<br>• ကလေး ကစားကွင်း မရှိခြင်း<br>• ကျောင်းတွင်သောက်သုံးရေအခက်အခဲရှိခြင်း<br>• ကျောင်းခြံစည်းရိုးကာရံမှုမပြီးသေးခြင်း<br>• မိဘများမှ ကလေး ပညာရေးအားအလေးပေးမှု အားနည်းခြင်း | • ကလေးဦးရေများပြားခြင်း<br>• မိဘများမအားလပ်ခြင်း<br>• ကလေးများဆော့ကစားရန်နေရာ နှင့် ကစားစရာ အထောက် အကူပြု ပစ္စည်းများ မရှိခြင်း<br>• ကျေးရွာအတွင်း သောက်ရေတွင်း (၁) တွင်းသာ ရှိခြင်း<br>• သောက်ရေကန်နှင့်ကျောင်း ဝေးကွာသောကြောင့် ကျောင်းသားများသောက်ရေ အခက်အခဲ ရှိခြင်း | • အနာဂတ်ကာလတွင် ကလေးများအား စနစ်တကျ သင်ပေးနိုင်ခြင်း<br>• မိဘများ အလုပ်ချိန်တွင် အေးချမ်းစွာ အလုပ်လုပ်နိုင်ခြင်း<br>• ကျောင်းသားများ၏ ကျန်းမာရေး အတွက် အထောက်အကူ ပြုနိုင်ခြင်း | • ငွေကြေးကုန်ကျစရိတ် မတတ်နိုင်ခြင်း<br>• ကျောင်းသားမိဘများ၏ ပူးပေါင်းပါဝင်မှု အားနည်းနေခြင်း<br>• ကျေးရွာ၏ အခြား ကဏ္ဍများ တိုးတက်ရန် အားထည့် နေရသဖြင့် ပညာရေးကဏ္ဍ ရန်ပုံငွေအတွက် အားမစိုက်နိုင်တော့ခြင်း | • မူကြိုကျောင်းဆောက်လုပ်ရန်<br>• ငွေကုန်ကြေးကျ သက် သာသော ကလေးကစားကွင်း တည်ဆောက်ခြင်း<br>• ရေလှောင်ကန်တည်ဆောက်ပေးရန် နှင့် ရေသန့်စက်များ တပ်ဆင်ပေးရန် | ၆။ ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး<br>• ကိုယ်ထူကိုယ်ထ မူကြိုကျောင်းနှင့်ကလေးအားကစားကွင်း တည်ဆောက်ခြင်း။<br>• ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန်တည်ဆောက်ခြင်းနှင့်ရေသန့်စက်များ တပ်ဆင်ပေးခြင်း။ |
| **ကဏ္ဍ - ကျန်းမာရေး** | | | | | | |
| ၁၁ | • ရပ်ရွာအတွင်း နာမကျန်း ဖြစ်ရာတွင် လွယ်ကူနီးစပ်သော ဆေးပေးခန်းမရှိခြင်း<br>• ကျန်းမာရေးအသိပညာအားနည်းခြင်း | • ဆေးရုံ၊ ဆေးပေးခန်းသို့ သွားရန် လမ်းမကောင်းခြင်း<br>• ကျေးရွာ ဆေးပေးခန်း၊ ကျန်းမာရေး ဝန်ထမ်း မရှိခြင်း<br>• ကျန်းမာရေး ဗဟုသုတ အားနည်းခြင်း | • ဆေးပေးခန်း ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာနေ လူထု၏အသေးစားကျန်းမာရေး အတွက်လုံခြုံစိတ်ချရခြင်း<br>• ကျေးရွာရှိကိုယ်ဝန်ဆောင်များနှင့် နို့တိုက် မိခင်များ အတွက် ကျန်းမာရေး စောင့်ရှောက်မှု လွယ်ကူစွာ ရရှိခြင်း | • ဆေးပေးခန်းတရားဝင် မဖွင့်လှစ်ရ သေးခြင်း<br>• ကျန်းမာရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်မှု အားနည်းနေခြင်း | • ကျေးရွာမှဆေးပေးခန်း နေရာ လှူဒါန်းရန်<br>• ကျန်းမာရေးဦးစီးဌာန နှင့် ချိတ်ဆက်၍ဆေးပေးခန်း၊ ကျန်းမာရေး ဝန်ထမ်းချထားပေးရေး ချိတ်ဆက်ဆောင်ရွက်ရန်<br>• ကျန်းမာရေး အသိပညာပေးဟောပြောပွဲများစီစဉ်ခြင်း | ၇။ ကျေးရွာ၏ ကျန်းမာရေး ကဏ္ဍ တိုးတက်လာစေရေး<br>• ကျေးလက် ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေး ဝန်ထမ်း ရရှိရန် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - သောက်သုံးရေရရှိရေး နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | | | | | | |
| ၁၃ | • သောက်သုံးရေ ရရှိရန် အခက်အခဲရှိခြင်း<br>• ကျေးရွာအိမ်ထောင်စု၏ (၅၀) ရာခိုင်နှုန်း ခန့်မှာ ယင်လုံ အိမ်သာ မသုံးစွဲနိုင်ခြင်း | • ရေတွင်း (၁) တွင်းသာ ရှိခြင်း<br>• ကျန်းမာရေး အသိနည်းပါးခြင်း<br>• အလေ့အကျင့် ဖြစ်နေခြင်း<br>• ငွေကြေး မတတ်နိုင်ခြင်း | • ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေ သော ဌာန ရှိနေခြင်း<br>• ကျေးရွာမှလိုအပ်သော လုပ်အား ပါဝင်နိုင်ခြင်း<br>• တန်ဖိုးနည်း အိမ်သာများ တည်ဆောက်နိုင်ခြင်း | • ရေတိမ်တွင်း၊ လက်နှိပ်တုံကင်တွင်းများမှာ သုံးရေ အတွက်သာ အဆင်ပြေပြီး သောက်ရေ မရရှိခြင်း<br>• ဝင်ငွေအနည်းဆုံးမိသားစုများမှ လူအား/ငွေအားပူးပေါင်းပါဝင်နိုင်ရန် ခက်ခဲခြင်း<br>• မိရိုးဖလာ အစွဲများ ရှိနေကြခြင်း<br>• ကျန်းမာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိစိတ် အားနည်းခြင်း | • ရေတွင်းတူးဖော်ရန် နှင့် ပိုက်လိုင်းသွယ်ရန်<br>• ရွာလူထုထံမှ ပူးပေါင်း ပါဝင်မှု ရယူခြင်း<br>• ပုဂ္ဂလိကအလှူရှင်၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးအဖွဲ့ များ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ယင်လုံအိမ်သာများ ဆောက်လုပ် အသုံးပြုရန် တိုက်တွန်းရန် | ၈။ ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး<br>• ၄ လက်မ စက်ရေတွင်း တူးဖော်ခြင်း။<br>• ရွာလူထုထံမှ ပူးပေါင်းပါဝင်မှု ရယူခြင်း<br>• ယင်လုံအိမ်သာများ ဆောက်လုပ် အသုံးပြုရန် တိုက်တွန်းခြင်း |
| **ကဏ္ဍ - လမ်း၊ တံတား** | | | | | | |
| ၁၄ | • ကျေးရွာချဉ်းကပ်လမ်းကောင်းမွန်မှု မရှိခြင်း(သလပ်ခွာ-စစ်ကဲကုန်း၊ကြက်တူရွေးလမ်း)<br>• ကျေးရွာတွင်းလမ်းများကောင်းမွန်မှု မရှိခြင်း | • မိုးများသောဒေသ၊ရေလွှမ်း သောဒေသဖြစ်နေခြင်း<br>• မြေသားလမ်းဖြစ်နေခြင်း<br>• ကြက်တူရွေး-အိမ်ချောင်း လေးချောင်းတည်ရှိနေခြင်း | • ကျေးရွာမှလိုအပ်သော လုပ်အားနှင့်ကျေးရွာ ထွက် ပစ္စည်းများ ပါဝင်နိုင်ခြင်း<br>• ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေ သော ဌာန ရှိနေခြင်း | • လမ်းခင်းသည့်အတွေ့ အကြုံမရှိခြင်း<br>• သက်ဆိုင်ရာ ဌာန မှ ပံ့ပိုးမှု နည်းနေခြင်း | • အထောက်အပံ့ ပံ့ပိုးပေး နိုင်မည့် အဖွဲ့အစည်း များ နှင့်ချိတ်ဆက်ဆောင်ရွက် ခြင်း<br>• ကြက်တူရွေး(ရွာလယ် တံတား )တည်ဆောက်ခြင်း | ၉။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက် လာစေရေး<br>• သလပ်ခွာ-စစ်ကဲကုန်း-ကြက်တူရွေးလမ်းအား ကွန်ကရစ်ခင်းခြင်း<br>• ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်း |

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ် | အလားအလာ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | • ကြက်တူရွေးရွာလယ် တံတားမှာ ဆက်သွယ် ရေး ခက်ခဲခြင်း | | • ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက် ဖြစ်၍ ကျေးရွာသား၊သူများလုပ်ကိုင်လိုစိတ်ပြင်းထန်ခြင်း | | | • ကြက်တူရွေး (ရွာလယ်တံတား) တည်ဆောက်ခြင်း |
| **ကဏ္ဍ - လျှပ်စစ်မီးရရှိရေး** | | | | | | |
| ၁၅ | • ကျောင်းသားများ စာကျက်နိုင်ရန် အလင်းကောင်းစွာ မရရှိခြင်း | • ပုသိမ်-ငါးပြေမ အစိုးရဓာတ် အားလိုင်းမှ ယခုမှ ဆက်သွယ်နေခြင်း<br>• ငွေကြေးမတတ်နိုင်ခြင်း | • ဆိုလာပြားငယ်များ အသုံးပြုနေသော အိမ်ထောင်စုများ ရှိနေခြင်း | • ဓာတ်အားလိုင်းဆွဲယူရန် ဝေးလွန်းခြင်း | • သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၁၀။ ဆိုလာမီးရရှိရေး ချိတ်ဆက်ဆောင်ရွက်ရေး။<br>• ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်။<br>• ကျေးလက်ဒေသဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး** | | | | | | |
| ၁၆ | • လူငယ်များ၏ဆောင်ရွက်လုပ်ဆောင်နိုင်မှု အားနည်းခြင်း | • ပြင်ပ ဗဟုသုတ လေ့လာမှု အားနည်းခြင်း<br>• မိရိုးဖလာအတိုင်း လူငယ်များ ဖွဲ့စည်းဆောင်ရွက်ခြင်း | • ရပ်ရွာအကျိုးဆောင်ရွက်လိုစိတ်ရှိသော လူငယ်များ ရှိနေခြင်း<br>• အချင်းချင်း စည်းလုံးစွာ ဆောင်ရွက်ကြခြင်း | • လူကြီးများ မှ နေရာပေးခိုင်းစေမှု မရှိခြင်း<br>• လူကြီးများမှ လူငယ်များအား အသိအမှတ် ပြုမှု အားနည်းခြင်း | • လူငယ် အဖွဲ့ စနစ် တကျဖွဲ့စည်းခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင် ရေး သင်တန်းများ စီစဉ် ပေးခြင်း | ၁၁။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး<br>• အခြေခံခေါင်းဆောင်မှု သင်တန်း<br>• အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း<br>• ဆက်ဆံရေးနှင့် ပံ့ပိုးမှု တိုးတက်လာစေရေး သင်တန်း |

## ကိုးကားစာရင်း


၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ပုသိမ်မြို့နယ်၊ ကြက်တူရွေးကျေးရွာတွင် ၂၀၁၅ ဩဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

# အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ - <br> ကျေးရွာအုပ်စု - <br> မြို့နယ် - <br> တိုင်းဒေသကြီး / ပြည်နယ် - |
| စီမံချက်အမည် - |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ……………………….(ငွေသား) | • ကျေးလက်ဦးစီး |
| • ………………………..(ငွေသား) | • ကျေးရွာ |
| • ………………………..(ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |